www.burmeseclassic.com

အောင်နိုမိတ်

# တစ္ဆေမျက်နှာများ




www.burmeseclassic.com

www.burmeseclassic.com

## အမှာ

BURMESE CLASSIC

တစ္ဆေရုပ်ရှင်ကားများက ရိုက်ပြလေ့ရှိသည့် ယုတ္တိမတန် သောရိုက်ချက်များကို အားလုံးသိကြပါလိမ့်မည်။

အဆမတန် ရှည်လျားသည့်လက်သည်းများ။

ပါးစပ်ဖြဲလိုက်လျှင် ထွက်လာသည့်အစွယ်များ။

သရဲက လည်ပင်းကို ငုံခဲလိုက်တာခံရလို့ တစ္ဆေဖြစ်သွား ကြသူများ။

အလင်းရောင်ရှူးရှူးကျရောက်လာလျှင်

ဒုက္ခရောက်ကုန်သည့်သရဲများ စသဖြင့်။

တကယ်တော့ တချို့လူတွေ နှစ်နှစ်ခြိုက်ခြိုက်ကြည့်နေသည့် အပေါစားသရဲကားတွေမှာ ဒါတွေပဲ ထပ်တလဲလဲမဟုတ်လား။

ဒီဝတ္ထုဟာ အဲဒါတွေ လွှမ်းမိုးခံရလို့ စိတ်စွဲလမ်းပြီး တစ္ဆေ သရဲကို ယုံကြည်လာကာ စိတ်ပိုင်းဆိုင်ရာချို့တဲ့ လာကြသူတွေ အတွက် ဆင်ခြင်နိုင်ကြဖို့ သတိပေးလိုတဲ့ ဇာတ်လမ်းတစ်ပုဒ်မျှ သာပါ…။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ကားက ကွေ့ကောက်သောမြေနီလမ်းကလေးအလွန်တွင် ထိုး၍ ရပ်သွားလေသည်။

'ကျိုင်ပဲ··ကွာ''

ကားမောင်းလာသူ ဇော်ရဲ၏နှုတ်က ရေရွတ်သံကြောင့် သူတို့အားလုံး ဇော်ရဲကို ဝိုင်းကြည့်မိလိုက်ကြသည်။

'ဘာဖြစ်ပြန်ပြီလဲကွာ··ဇော်ရဲ'

အောင်ခန့်က ဇော်ရဲကို လှမ်းမေးသည်။ သူ့အသံက စိတ်ပျက်နေသံ တစ်ဝက်ပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒုက္ခပါပဲဟယ်··ငါတို့ဒီလမ်းကို လာမိတာမှားပြီနဲ့တူတယ်'

ရှုးရှုးကလည်း မိန်းကလေးပီပီ ညည်းညူးသံပြုသည်။ စိုင်းလင်းတစ်ယောက်ကသာ ကားကူရှင်ကိုခေါင်းမှီကာ ပီကေဝါးရင်းငြိမ်နေသည်။

'ဘာဖြစ်ပြန်ပြီလဲ မသိဘူးကွာ··ကြည့်မှသိရတော့မှာပဲ'

ဇော်ရဲက ညည်းညူသံဖြင့် ပြောဆိုရင်း ကားပေါ်မှ ဆင်းသွားလေသည်။

လူသူဝေးသော ဝန်းကျင်နေရာတစ်ခုဖြစ်၍ ငှက်အော်သံ၊ သစ်ရွက်လေတိုးသံများမှအပ တိတ်ဆိတ်ငြိမ်သက်နေသည်။ ပျောက်ကျားမျှသာ ထိုးကျနေသော နေရောင်ကလည်း ညို့မှိုင်းအုပ်ဆိုင်းနေသော သစ်ပင်ကြီးများ၏အကိုင်းအခက်တို့ကြားတွင် အလင်းအားဖျော့တော့လွန်းနေသည်။

အောက်ရောက်သွားသော ဇော်ရဲက ကားစက်ဖုံးကို ဖွင့်ကာ ကြည့်ပြီး စစ်ဆေးနေသည်။ အောင်ခန့်ကလည်း ကားပေါ်မှ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားပြီး ဇော်ရဲဘေးရောက်သွားသည်။

'ရေတိုင်ကီက ရေတွေစိမ့်နေတာပဲ..အဲဒါကြောင့် Heat တွေ တက်ပြီး ဂက်စကတ်ပြုတ်သွားတာကွ..ကျွိုင်ပဲ'

'ဟာ..အဲဒါဆို ဘယ်လိုလုပ်ကြမလဲ'

'ဘယ်လိုမှ လုပ်လို့မရတော့ဘူး..ဝပ်ရှော့ပို့ပြီး အင်ဂျင်ဖွင့်မှရတော့မယ်'

'ဟာကွာ..မင်းကလည်း ဒီလိုနေရာမျိုးကြီးမှာ ဘယ်က ဝပ်ရှော့ရှိပါ့မလဲ..တကယ့်မြွေပဲကွာ'

စက်ဖုံးဖွင့်ပြီး ကားခေါင်းရှေ့၌ ပြောဆိုနေကြသော ဇော်ရဲနှင့်အောင်ခန့်တို့၏အသံများကြောင့် မိန်းကလေးဖြစ်သူ ရှုးရှုး မျက်လုံးကလေး ဝိုင်းသွားတော့သည်။ စိုင်းလင်းကတော့ ခုချိန်ထိ ဝီကေဝါးမပျက်သေး။ ရှုးရှုးပါမနေနိုင်တော့ ကားပေါ်မှဆင်းပြီး ဇော်ရဲနှင့်အောင်ခန့်တို့နှစ်ယောက်အနားသို့ ရောက်သွားတော့သည်။

'ငါတို့ အဲဒါဆို ဘယ်လိုလုပ်ကြမလဲ..ဇော်ရဲ..နင်ကလည်း သေသေချာချာ စစ်ကြည့်ပါဦးဟာ'



www.burmeseclassic.com

www.burmeseclassic.com



'နင်ကလည်း သေသေချာချာ စစ်ကြည့်ပြီးလို့ ပြောတာပေါ့ဟ‥ဂတ်စကတ်ပြတ်သွားပါတယ်ဆို'

'အေးဟယ်‥စမ်းကြည့်ပါဦး‥ရှေ့နားဆို ဆိုင်လေးဘာလေးရှိချင်ရှိမှာပေါ့'

ဇော်ရဲ သူ့လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ထိုအချိန် ကားပေါ်တွင် ဝီစကေဝါးရင်း ငြိမ်နေသော စိုင်းလင်းက သူတို့အနီးသို့ ရောက်လာကာ‥

'ကြည့်မနေနဲ့ဇော်ရဲ‥ငါးနာရီ ဆယ်မိနစ်ရှိနေပြီ‥ဒီအချိန် မင်ကားကိုပြင်ပြီး ထိန်းမောင်းနိုင်ဦးတော့ ဘယ်လိုမှ ကညင်ပင်စခန်းတောင် မရောက်နိုင်တော့ဘူး‥ကညင်ပင်စခန်းနဲ့ မြို့ကလည်း အဝေးကြီးလိုသေးတယ်'

သူတို့အားလုံး စိုင်းလင်း၏မျက်နှာကို ကြည့်လိုက်မိကြသည်။ တကယ်တော့ သည်ခရီးကိုခေါ်လာခဲ့သူမှာ ဒီကောင် စိုင်းလင်းပင်ဖြစ်သည်။ သူတို့သူငယ်ချင်းလေးယောက်အတွက် အခုလိုအားလပ်ရက်အချိန်မျိုးတွေမှာ ဘယ်လိုမှ ထူးထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com



သွားစရာ လာစရာမရှိ။ တစ်ယောက်အိမ်တစ်ယောက်လည် ဒါမှမဟုတ်၊ ကိုယ့်မြို့ကလေးထဲပဲ စက်ဘီးတစ်ယောက်တစ်စီး ဟိုသွားဒီသွား ဟိုဆိုင်ထိုင် ဒီဆိုင်ထိုင်လောက်ပဲ ရှိခဲ့ကြသည်။ ခုတော့ စိုင်းလင်းက သူတို့မြို့ကလေးနှင့် မိုင်(၆၀)ကျော်လောက် ဝေးသော သူ့ဦးလေးခြံကြီးကို သွားရောက်ကြရန် အကြံပေးခဲ့သဖြင့် သူတို့အားလုံး ဓော်ရဲ၏ကားဖြင့် အခုလို ခရီးထွက်လာခဲ့ခြင်းဖြစ်၏။ အဲဒီတုန်းက စိုင်းလင်းပြောခဲ့သည်များကလည်း သူတို့အတွက် သွားချင်စရာ။

'ဟိုမှာ..ငါ့ဦးလေးရဲ့ခြံစောင့်တစ်ယောက်ပဲရှိတယ်ကွ.. ခြံထဲမှာလည်း သံပုရာပင်၊ ကျွဲကောပင်တွေ၊ သရက်ပင်တွေဆိုတာ အများကြီးပဲ။ ရှုးရှုး နင်ကြိုက်တဲ့ မာလ ကာသီးအပွကြီးတွေလည်း အများကြီးပဲဟ..တို့တွေ ဒီကနေ စားစရာသောက်စရာတွေ ဝယ်သွားပြီး ဟိုမှာပျော်ပျော်ပါးပါး စားသောက်ပြီး ညနေအပြန် ခဲ့ကြမယ်..အပြန်မှာ ခြံကထွက်တဲ့အသီးတွေလည်း ခူးခဲ့ကြမယ်.. အခုလောက်ဆို ပိန္နဲသီးကြီးတွေလည်း မှည့်လောက်ပြီကွ..

www.burmeseclassic.com

www.burmeseclassic.com



ရှိက်ရန်ဟုဆိုကာ သူ့ SONY အမျိုးအစား အော်တိုကင်မရာ တစ်လုံးကိုပင် ယူလာခဲ့သည်။

အခုတော့ ခရီးစထွက်လာကတည်းက ခဏခဏထိုးရပ်ကာ ပျက်နေသော ဇော်ရဲ၏ကားကြောင့် သူတို့အားလုံး အစီအစဉ်တွေ လွဲချော်ကာဒုက္ခ ရောက်ရလေတော့သည်။ တကယ်ဆို (၂)နာရီ ကျော်ကျော်လောက်သာ မောင်းရမည့်သည့်ခရီးကို ကားခဏ ခဏပျက်နေသဖြင့် လမ်းတစ်ဝက်ကျိုးတွင်ပင် ညနေ(၅)နာရီ ကျော်ခဲ့ပြီ။ ပြီးတော့ ဆိုးသည်က သည်ခရီးမှာခရီး သွားကားများ သွားလေ့သွားထ ရှိသော ခရီးလမ်းတစ်ခုမဟုတ်ဘဲ တောတွင်း လမ်းတစ်ခုဖြစ်နေခြင်းပင်။ ဒီတော့ လမ်းတစ်လျှောက်လုံး အကူ အညီရရန် လူနေအဆောက်အဦ၊ ဆိုင်တစ်ခုမှ ရှိမနေ။ သူတို့မြင် မြင်သမျှ ဝန်းကျင် အရာခပ်သိမ်းတို့မှာ သစ်ပင်ကြီးများနှင့် ချုံနွယ် ပိတ်ပေါင်းတို့ ညို့မှိုင်းအုပ်ဆိုင်းနေသည့်မြင်ကွင်းများသာ..

'တို့..ကားကို ဒီအတိုင်းထားပစ်ခဲ့ပြီး..ကညင်ပင်စခန်းအထိ လမ်းလျှောက်သွားကြမှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ရန်ဟုဆိုကာ သူ့ SONY အမျိုးအစား အော်တိုကင်မရာ တစ်လုံးကိုပင် ယူလာခဲ့သည်။

အခုတော့ ခရီးစထွက်လာကတည်းက ခဏခဏထိုးရပ်ကာ ပျက်နေသော ဇော်ရဲ၏ကားကြောင့် သူတို့အားလုံး အစီအစဉ်တွေ လွဲချော်ကာဒုက္ခ ရောက်ရလေတော့သည်။ တကယ်ဆို (၂)နာရီ ကျော်ကျော်လောက်သာ မောင်းရမည့်သည့်ခရီးကို ကားခဏ ခဏပျက်နေသဖြင့် လမ်းတစ်ဝက်ကျိုးတွင်ပင် ညနေ(၅)နာရီ ကျော်ခဲ့ပြီ။ ပြီးတော့ ဆိုးသည်က သည်ခရီးမှာခရီး သွားကားများ သွားလေ့သွားထ ရှိသော ခရီးလမ်းတစ်ခုမဟုတ်ဘဲ တောတွင်း လမ်းတစ်ခုဖြစ်နေခြင်းပင်။ ဒီတော့ လမ်းတစ်လျှောက်လုံး အကူ အညီရရန် လူနေအဆောက်အဦ၊ ဆိုင်တစ်ခုမှ ရှိမနေ။ သူတို့မြင် မြင်သမျှ ဝန်းကျင် အရာခပ်သိမ်းတို့မှာ သစ်ပင်ကြီးများနှင့် ချုံနွယ် ပိတ်ပေါင်းတို့ ညို့မှိုင်းအုပ်ဆိုင်းနေသည့်မြင်ကွင်းများသာ‥

'တို့‥ကားကို ဒီအတိုင်းထားပစ်ခဲ့ပြီး‥ကညင်ပင်စခန်းအထိ လမ်းလျှောက်သွားကြမှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်းက အကြံပေးလေသည်။ အောင်ခန့်က..

'ကားကို သည်အတိုင်းထားပစ်ခဲ့လို့ ဖြစ်ပါ့မလား' ဟု မေးသည်။

'ဘာမှမပူနဲ့ သည်လမ်းကို သစ်သမားတွေအပြင် ဘယ်သူမှ မလာကြဘူး..ကညင်ပင်စခန်းက တောအုပ်တစ်ယောက်နဲ့ ငါနဲ့ သိပါတယ်..သူ့ကိုပြောပြီး အကူအညီတောင်းရမှာပေါ့' ဟု စိုင်းလင်းက ပြောသည်။

'တောက်..မနေ့ကတော့ ငါ့အဖေကားကို ဝပ်ရှော့အပ် ရဦးမယ်လို့ ပြောသံတော့အကြားသားကွ..တကယ်ဆို.. ညက တည်းက ကားကို ငါစစ်ကြည့်ထားရမှာ အခုတော့ကွာ'

ဇော်ရဲက သူ့အပြစ်သူ ကြိတ်မနိုင်ခဲမရ ဖြစ်နေဟန်ရှိသည်။

'ကဲ..ထားလိုက်ပါတော့ကွာ အခုမှတော့ မိုးမချုပ်မီ စိုင်းလင်းပြောတဲ့ ကညင်ပင်စခန်းဆိုတာကိုရောက်ဖို့ အရေးကြီးတယ်.. သွားမှာဆိုလည်း သွားကြရအောင် ဇော်သေးတာပေါ့ ပစ္စည်း တွေကို ကျောပိုးအိတ်တွေနဲ့ ထည့်လာမိခဲ့လို့'



www.burmeseclassic.com

www.burmeseclassic.com


အောင်ခန့်က ကြားမှဝင်ပြောကာ စားစရာသောက်စရာများ ထည့်ယူလာခဲ့သော ကျောပိုးအိတ်နှစ်လုံးကို ကားပေါ်မှ ဆွဲချလိုက်သည်။

သူတို့အဖို့ သည်တစ်နည်းကလွဲပြီး ဘာမှမရှိတော့သဖြင့် အောင်ခန့်လက်ထဲက ပစ္စည်းများကို ခွဲယူလိုက်ကြကာ ခြေလျင် ခရီးဆက်ဖို့ ပြင်လိုက်ကြရတော့သည်။

'မင်းပြောတဲ့ ကညင်ပင်စခန်းဆိုတာ မရောက်သေးဘူးလား..ငါတို့ လျှောက်လာတာ အတော်ကြာနေပြီ'

ကျောပိုးအိတ်တစ်လုံးကို လွယ်ပိုးရင် ရှေ့မှခပ်သုတ်သုတ် သွားနေသော စိုင်းလင်းကို နောက်မှ အောင်ခန့်က လှမ်းမေးသည်။

'အေးဟယ်..ငါ့ခြေထောက်တွေတောင် နာလာပြီ.. ဘယ်လောက်တောင်လိုသေးလဲ..ငါတော့ ငိုတောင်ငိုချင်လာပြီ'


www.burmeseclassic.com

www.burmeseclassic.com



ရှုးရှုးကလည်း ငိုသံပါနှင့် ညည်းညူလာသည်။ သူမနောက်က ဇော်ရဲက..

'အောင်မာ..နင်က လူချည့်လမ်းလျှောက်နေရတာများ..ညည်းနေသေးတယ်..ငါကို့များ အားနာပါဦးတော့'

ရှုးရှုးက ဇော်ရဲကို တစ်ချက်လှမ်းကြည့်သည်။

'သေလိုက်ပါလား..နင်တို့က ယောကျ်ားလေးတွေပဲ..နောက်ပြီး နင့် ကားအစုတ်ကြီးကြောင့် အခုလိုဖြစ်တာ..တကယ်ဆို ရှိသမျှပစ္စည်းတွေ အကုန်လုံး နင့်ကို ထမ်းခိုင်းရဦးမှာ'

'ဟား..ဟား..ဟား..ဟား'

ရှုးရှုးစကားကြောင့် ဇော်ရဲက ရယ်သည်။ ပြီးမှ..

'အေးပါ..နင်သကြိန်အတွင်းကျမှ ငါ့ကားအစုတ်လေးနဲ့လိုက်ပါရစေဆိုရင်တော့ ဆောရီးပဲ'ဟု နောက်သည်။

'အောင်မယ်လေး..နင့်ကားအစုတ် ဒီလိုသာပျက်နေရင် သင်္ကြန်အတွင်း ရေစိုမှာတောင် မဟုတ်ဘူး..အကောင်းဆုံးကတော့ မာတ်ဆီနဲ့လောင်း မီးရှို့ပစ်လိုက်တာ အကောင်းဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူး ပြန့်ပြောသံကြောင့် အားလုံးဝိုင်းရယ်မိကြသည်။ ထိုအချိန် ရှေ့ဆုံးမှသွားနေသော စိုင်းလင်းက သွားနေရာမှ ရုတ်တရက်ရပ်ကာ လမ်းပတ်ဝန်းကျင်ကို ဟိုကြည့်သည်ကြည့် လုပ်နေသည်။

'ဘာဖြစ်လို့လဲကွ..စိုင်းလင်း'

စိုင်းလင်းက အောင်ခန့်မေးသည်ကို မဖြေသေးဘဲ မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်လာလမ်းကို ပြန်ကြည့်လိုက်လုပ်နေပြန်သည်။ ပြီးမှ..

'ငါ့စိတ်ထဲမှာ လမ်းများ မှားလာကြသလားလို့ကွ.. ကညင်ပင်စခန်းကို ဒီလောက်ဆိုရောက်လောက်ပြီ..အခုတော့'

ပြောရင်း သူ့လက်ကနာရီကို တစ်ချက်ကြည့်သည်။

'တို့လျှောက်လာတာတင် တစ်နာရီလောက်ရှိပြီ'

'ပြသနာပဲကွာ'

အောင်ခန့်က အနီးရှိသစ်ပင်တစ်ပင်၏ခြေရင်းတွင် ချောက်ထဲမှ ဆွဲလာခဲ့သည့်၊ ကျွတ်ကျွတ်အိတ်အထုပ်ကြီးနှင့်ထုပ်ကိုချကာ

www.burmeseclassic.com

www.burmeseclassic.com



ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ တစ်နာရီလောက် လမ်းလျှောက်လာကြရသဖြင့် မောနေကြပြီဖြစ်သော ဖူးဖူးနှင့်ဇော်ရဲတို့ကလည်း အောင်ခန့်အနီးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။ စိုင်းလင်းတစ်ယောက်တည်းသာ ခုထိမထိုင်သေးဘဲ လမ်းတစ်လျှောက် ဟိုကြည့်သည်ကြည့်ရှိနေသေးသည်။

အချိန်မှာလည်း ညနေ(၆)နာရီကျော်စပြုပြီဖြစ်၍ ပတ်ဝန်းကျင်မှာ တစ်စ,တစ်စ မှောင်စပြုလာပြီ။

'လမ်းကလည်း သည်တစ်လမ်းတည်းရှိတာပဲကွ.. ဘယ်လိုဖြစ်တယ် မသိဘူး'

တစ်ယောက်တည်းရေရွတ်သလို ပြောဆိုရင်း စိုင်းလင်းလည်း အနီးသို့ ပြန်ရောက်လာသည်။

'မင်းဥစ္စာ ရှေ့မှာလိုသေးလို့လား မှမသိတာကွာ... သေချာလည်း ကြည့်ပါဦး စိုင်းလင်းရာ'

ဇော်ရဲက ထိုင်နေရာက လှမ်းပြောသည်။

'အေးလေ..ကျော်လာတာရော မဖြစ်နိုင်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ရှုးရှုးကလည်း သူမထင်တာကို မှတ်ချက်ပေးသည်။ အောင်ခန့်ကတော့ စိတ်ပျက်ဟန်ဖြင့် စိုင်းလင်းမျက်နှာကို လှမ်းကြည့်နေသည်။ ခဏကြာတော့ စိုင်းလင်းက–

'မင်းတို့ ဒီနားမှာ ခဏလောက်နေကြဦးကွာ··ငါရှေ့နားကို တစ်ချက်လောက် သွားကြည့်လိုက်ဦးမယ်'

ပြောပြီး စိုင်းလင်းက လွယ်ထားသော သူ့ကျောပိုးအိတ်ကြီးကို သူတို့ အနီးတွင်ချခဲ့ကာ ထွက်ခွာသွားသည်။ အောင်ခန့်က သူလည်ပင်းတွင် လွယ်ပါလာသည့်ကင်မရာကို တစ်ချက်ကိုင်ပြီး–

'ဒီနေ့တော့ ပျော်ပျော်ရွှင်ရွှင်နဲ့ အမှတ်တရဓာတ်ပုံလေးတွေ ရိုက်မယ်လို့ မှန်းထားတာ သွားပါပြီကွာ'

ဟု ညည်းညူသည်။

'အရေးထဲမှ မင်းက ဓာတ်ပုံရိုက်ဖို့ အမှတ်ရနေသေးတယ်'

'ဟုတ်ပါ့··သူကလည်း တစ်မျိုး'

ဇော်ရဲနှင့်ရှုးရှုးတို့နှစ်ဦးက အောင်ခန့်ကို အပြစ်တင်သံဖြင့် ငြင်းပြောကြသည်။ သူတို့အထဲတွင် သည်ကောင်က ဓာတ်ပုံရှူး-

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။ သူ့အစ်ကိုဂျပန်က ဝယ်ပို့လိုက်သော သည်ကင်မရာတစ်လုံးနှင့် ဟိုပုံလျှောက်ရိုက် သည်ပုံလျှောက် ရိုက်လုပ်ပြီးလျှင် ဓာတ်ပုံပြိုင်ပွဲတွေ အကုန်လျှောက်ပို့ လုပ်နေ သည့်ကောင်။ ပြီးတော့လည်း ဘာမှမဟုတ်။ တစ်ခါမှ သူပို့ လိုက်တဲ့ ဓာတ်ပုံတွေ အရွေးခံရသည်ဟု မကြားဖူး။ ယုတ်စွအဆုံး နှစ်သိမ့်ဆုလေး တစ်ခုလောက်ရဖူးရင်ကို မပြောတော့။

ထိုအခိုက် လမ်းကြည့်သွားသော စိုင်းလင်းတစ်ယောက်ဖြစ် ရောက်လာသည်။

“လာကြဟေ့..ဟိုဘက်က လမ်းမြောင်လေးအလွန်မှာ အိမ် တစ်လုံးတော့ တွေ့ခဲ့တယ်..ဘာပဲဖြစ်ဖြစ် မှောင်သွားရင်တော့ အဲဒီမှာ တောင်းပန်ပြောဆိုပြီး ဒီနေ့ညတစ်ညလောက်တော့ ဝင်တည်းခိုရမှာပဲ”

သူတို့(၃)ယောက်စလုံး စိုင်းလင်းစကားကြောင့် နေရာ အမြန်ထလိုက်မိကြသည်။ လောလောဆယ် သည်ပုံအတိုင်းမိုးချုပ် သွားလျှင် သူတို့အတွက်မလွယ်။ တောကြီးမျက်မည်းထဲ အခင်း



www.burmeseclassic.com

www.burmeseclassic.com



ါ အခြုံမပါဖြင့် ဘယ်ကိုသွား၍ အိပ်ကြမည်နည်း။ နောက်ဆုံး ုတို့ ယောကျ်ားလေး(၃)ယောက်ကထားဦး မိန်းကလေး စ်ယောက်ဖြစ်သော ဖူးဖူးအတွက်က ပို၍အရေးကြီးပေသည်။

'သေချာသွားပြီကွ‥ငါတို့လမ်းခွဲကတည်းက လမ်းမှား ာခဲ့ကြတာ‥ ဒီလမ်းက ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲလို့ အောက် မ့်လာတာ'

စိုင်းလင်းနောက်လိုက်လာကြရင်း သူက ပြောပြနေသည်။

'တော်သေးတာပေါ့ကွာ‥အခုချိန်တည်းခိုစရာ သည့်အိမ် စ်အိမ်တွေ့ပေလို့'

'မှားပါတယ်ကွာ‥မင်းကို ဆရာတင်ပါမှ လမ်းပါလွဲခဲ့ရ ယ်လို့ နောက်ဆိုဟိုကောင် ဇရဲကားကလည်း ဆလံပါပဲ'

အောင်ခန့်က စိုင်းလင်းနှင့် ဇော်ရဲတို့နှစ်ဦးစလုံးကို အပြစ် င်သံဖြင့် ဆိုလိုက်သည်။ ဖူးဖူးကတော့ မည်သူ့ကိုမျှ အပြစ်မတင် ်လောက်အောင် စိတ်ညစ်နေသည်။ သွားပြီ‥ဒီနေ့ည သူမ မ်ပြန်မရောက်ရင် ဖေဖေနှင့်မေမေတို့ စိတ်ပူနေကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့်မို့ မနက်ကတည်းက ဖေဖေနဲ့မေမေက သူမကိုသိပ်ပြီး ခွင့်မပြုကြ။ သူမက ဖွတ်အတင်းပူဆာခဲ့သည့်အပြင် ဖော်ရဲကပါ ဝိုင်းကူပြောခဲ့သဖြင့်သာ ခွင့်ပြုခဲ့ကြခြင်း ဖြစ်၏။ အဲဒီကတည်းက နတ်သိကြားကတော့ အနိုးဆော်သား ဘယ်တုန်းကမှ သည်လို ဖေဖေ၊ မေမေတို့ အင်တင်တင်မလုပ်စဖူး..အခုတော့။

'ဟော့ကောင်..စိုင်းလင်း မင်းပြောတာ ဟိုအိမ်ကြီးလား'

ဖော်ရဲအသံကြောင့် သူမအတွေးပျက်ကာ ရှေ့မှမြင်ကွင်းကို ကြည့်လိုက်မိသည်။

'ဘုရားရေ'

သူမတို့ လျှောက်ဝင်လာခဲ့ကြသော ကုန်းမြင့်ပြေပြေ လျှော လျှောလေး၏ အစပ်အဆုံး မြက်ပင်ရှည်ကြီးများကြားတွင် ကြီး မားလှသော အိမ်အိုပျက်ကြီးတစ်လုံးကို လှမ်းမြင်လိုက်ရခြင်းပင်..

အဝေးက လှမ်းကြည့်ပြီး မြင်ရယုံနှင့်ပင် သူတို့တွေ့နေကြ ရသော အိမ်အိုပျက်ကြီးက ထိတ်လန့်စရာ...

အနီရောင်အုတ်ကျွတ်များမိုးထားပြီး နီညိုရောင်ရောင်ရေး


www.burmeseclassic.com

www.burmeseclassic.com



အုတ်သားများဖြင့် တည်ဆောက်ထားသော အိမ်ကြီးက ဥရောပ လက်ရာဆန်လှသည်။ အိမ်ခေါင်မိုးထက်မှ အမည်းရောင်မီးခိုး ခေါင်းတိုင်ကြီးကလည်း တစ်ဝက်ခန့် ပြိုကျနေသည်။ ထို့အပြင် အုတ်ကျွတ်အမိုးများကလည်း အချို့နေရာများတွင် အပေါက် ဟောင်းလောင်းကြီးများဖြစ်နေကြကာ ရေညှိနှင့် အစိမ်းရောင်အပင် များ တက်နေကြသည်။ အဆိုးဆုံးမှာ အိမ်ကြီး၏တစ်ဝက်နီးပါးအား ချုံနွယ်များ ဖုံးအုပ်နေကာ အမြင်အကျည်းတန်နေခြင်းပါပေ..။

စိုင်းလင်းက အိမ်ကြီးကို လှမ်းကြည့်ရင်း..

'အခုချိန် လမ်းဘေးမှာ ဒုက္ခရောက်နေတာနဲ့စာရင် ဒီအိမ်ကြီး ထဲမှာဝင်ပြီး တည်းခိုရတာပိုပြီး အဆင်ပြေမလားလို့လေ'

'ဟော့ကောင်..အိမ်ကြီးက လူမှရှိပါ့မလားကွာ'

'ဒါတော့ သွားကြည့်မှ သိရမှာပဲလေကွာ'

စိုင်းလင်းကပြောရင်း ရှည်လျားသောမြက်ပင်များကြားသို့ တိုးဝှေ့ကာ အိမ်ကြီးဆီသွားရန် ဟန်ပြင်လိုက်သည်။

'ဟဲ့..စိုင်း..စိုင်းလင်း..ခဏနေဦး'



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူးက ရှေ့မှဇော်ရဲကို ကျော်တက်ပြီး စိုင်းလင်း၏ လက်မောင်းကို လှမ်းဆွဲထားလိုက်သည်။

'ငါတို့ ဒီအိမ်ကြီးထဲဝင်နားလို့ မ··မဖြစ်ဘူးနဲ့တူတယ်'

ဇော်ရဲနှင့်အောင်ခန့်တို့ကလည်း အိမ်အိုပျက်ကြီးကို လှမ်းကြည့်ကာ တွန့်ဆုတ်နေကြဟန်ရှိသည်။

စိုင်းလင်းက သူ့လက်မောင်းကိုဆွဲထားသော ရှူးရှူးကို ပြန်လှည့်ကြည့်ပြီး··

'ဘာဖြစ်လို့လဲဟ··နင်ကလည်း'

ရှူးရှူး အိမ်ပျက်ကြီးကိုတစ်ချက်ထပ်ပြီး လှမ်းကြည့်မိလိုက်သည်။ အေးစိမ့်သောခံစားမှုတစ်ခုက သူမတစ်ကိုယ်လုံးကို လွှမ်းခြုံသွားသလို ခံစားလိုက်ရသည်။

'ငါ··ငါတို့ ဒီအိမ်ကြီးဆီတော့ သွားလို့မဖြစ်ဘူးတဲ့တူတယ်·· ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'လုပ်ပြီ··နင်ကလည်း ဗွီဒီယိုသရဲကားတွေကြည့်ပြီး ဖြစ်တာ အကြောက်လွန်နေပြန်ပြီ··ဒီနေရာတွေက လူဆိတ်ငြိမ်သစ်သမား



www.burmeseclassic.com

www.burmeseclassic.com



တွေသာရှိတဲ့ နေရာမှာ..ညဖက်သူတို့လွှတ်ထားတဲ့ ဆင်သွားလမ်းကြောင်းတွေဘာတွေ ကိုယ်က သိတာမဟုတ်ဘူး.. မတော်လမ်းပေါ်အိပ်နေကြတုန်း ဆင်ရောက်လာပြီး နင်းသတ်သွားရင် အကုန်မသာပေါ်ကုန်လိမ့်မယ်..ဘာပဲဖြစ်ဖြစ် ဒီအိမ်ကြီးထဲမှာ လူမရှိရင်တောင် အထဲဝင်နေလို့ရရင်..ပိုပြီး အန္တရာယ်ကင်းမယ်..အခုကိုပဲ အတော်မှောင်နေပြီပဲ'

စိုင်းလင်း၏ရှင်းပြမှုကြောင့် ဇူးဇူး၊ ဇော်ရဲနှင့် အောင်ခန့်တို့သုံးဦး မျက်လုံးလေးတွေ ဝိုင်းသွားကြသည်။ သူပြောတာလည်းဟုတ်သည်။ တစ်စ,တစ်စ မှောင်လာသော ပတ်ဝန်းကျင်၌ ပိုးကောင်မွှားကောင် ပုရစ်အော်သံများ ညံစီ၍လာပေပြီ။ ပြီးတော့ သူတို့အားလုံး ညစာစားသောက်ဖို့နှင့် အိပ်စက်ဖို့ကလည်း ရှိသေး၏။ လမ်းဘေး၌ တစ်ညလုံးနေဖို့ရန်က မဖြစ်နိုင်။

'ကဲ..လာမှသာ လာကြစမ်းပါကွာ'

စိုင်းလင်းက ဦးဆောင်ပြီး မြက်ပင်ရှည်များကြားမှ တိုးဖော့ကာ အိမ်ကြီးဆီသို့ လျှောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အိမ်ကြီး၏သဏ္ဌာန်က ပို၍ပီပြင်လာလေသည်။ နှစ်ပေါင်းများစွာ လူနေခြင်းကင်းမဲ့နေခဲ့သော သရုပ်များဖြစ်သည့် ပိတ်ထားသည့် မှန်ပြတင်းတံခါးများက တော်တော်များများ ကွဲအက်ကာ ဟောင်းလောင်းပေါက်များ ဖြစ်နေကြသည်။ အချို့ ကျန်သော မှန်ချပ်များကလည်း ဖုံအလိမ်းလိမ်းနှင့်…။

အိမ်ကြီးကတော့ ယခင်က အတော်ပင်ခမ်းနားကြီးကျယ်ခဲ့ ဖူးဟန်ရှိသည်။ ဖုန်အလိမ်းလိမ်းတက်နေကြသော ဆင်ဝင်အောက်မှ မီးဆိုင်းကြီးများ၊ ပြတင်းပေါက်ဘောင်များတွင် မြုပ်ကာတပ်ဆင် ထားသည် ကြေးပန်းခွေများက မဟာဆန်လွန်းလှသည်။

ရှေ့ဆုံးမှရောက်သွားသော စိုင်းလင်းက အိမ်ကြီးကို သေချာ ကြည့်ပြီး…

'အတော်မဟာဆန်တဲ့အိမ်ကြီးပဲကွ…ကြည့်စမ်းပါဦး… ဒီတိုင် လုံးကြီးတွေမှာ ထွင်းထားတဲ့ လက်ရာတွေက တကယ့်အနောက် တိုင်း အနုပညာလက်ရာတွေပဲ'

ထိုအချိန် ဖူးဖူးကမူ အိမ်ကြီး၏အဝင်တံခါးမကြီးအထက်၌



www.burmeseclassic.com

www.burmeseclassic.com



ထွင်းထုထားသော ကြောက်စရာမျက်နှာကြီးကိုကြည့်ကာ ခြေဖျား လက်ဖျားများပင် အေးစက်နေသလိုဖြစ်နေသည်။

'ငါတို့ ဒီအိမ်ကြီးထဲ ဘယ်လိုဝင်ကြမလဲ'

ဇော်ရဲကလည်း အိမ်ကြီးကို ကြည့်နေရင်းမှမေးသည်။

'လွယ်ပါတယ်ကွာ..မှန်မရှိတဲ့ပြတင်းပေါက်တစ်ခုက လက်လျှိုနိုက်ဖွင့်ပြီး ဝင်ကြတာပေါ့'

ပြောပြောဆိုဆိုပင် စိုင်းလင်းကပြူတင်းပေါက်တစ်ခုမှ လက်လျှိုနိုက်ဖွင့်ကာ အထဲသို့ ဝင်ရောက်သွားလေသည်။ ခဏအကြာ အထဲမှ စိုင်းလင်း၏အသံထွက်ပေါ်လာသည်။

'ခဏနေကြဦးဟေ့..ဒီမှာတံခါးမကြီး မင်းတုံးရှိတယ်ကွ.. ငါဆွဲဖွင့်ပေးမယ်'

စိုင်းလင်း၏စကားသံအဆုံး အိုမင်းဟောင်းနွမ်းပြီး နှစ်ပေါင်းများစွာ ဆီကင်းမဲ့နေသော တံခါးမကြီးက ကျွီခနဲခြောက်ခြားစွာ မြည်ပြီး တဖြည်းဖြည်းချင်း ပွင့်လာသည်။

ထိုအခိုက် အောင်ခန့်က ဘာစိတ်ကူးပေါက်သည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



'နေကြပါဦးကွ..ငါဒီအိမ်ကြီးကို ဓာတ်ပုံတစ်ပုံလောက် အမှတ်တရ ရိုက်ထားလိုက်ဦးမယ်'

အောင်ခန့်က သူ့လက်ထဲမှ ကင်မရာဖြင့် အိမ်ကြီး၏မျက်နှာစာကို ချိန်ရွယ်ကာ ဓာတ်ပုံတစ်ပုံရိုက်လိုက်သည်။ ခလုတ်နှိပ်သံနှင့် ကင်မရာဖလက်ရှ်မီးက ဝင်းခနဲလက်သွား၏။ အဲဒီနောက်မှ သူတို့ (၃)ယောက်သား ခန်းမကြီးအတွင်းသို့ ဝင်ရောက်လိုက်ကြသည်။ ဖိုးဖိုး စိုးရွံ့ထိတ်လန့်စိတ်နဲ့အတူ နောက်ဆုံးမှနေ၍ လိုက်ပါသွား၏။

အိမ်ကြီးအတွင်း၌ မည်းမှောင်နေကာ အောက်သိုးသိုးအနံ့ကြီး တစ်ခုက လွှမ်းခြုံနေလေသည်။

'ခဏနေကြဦးကွ..ငါ့အိတ်ထဲမှာ ဖယောင်းတိုင်နဲ့ မီးခြစ်ပါ တယ်'

အထဲတွင် အရင်ရောက်နှင့်နေသော စိုင်းလင်း သူ့ကျောပိုး အိတ်ကြီးကို ကြမ်းပြင်တွင်ချကာ ဇစ်ဆွဲဖွင့်သံတစ်ခုကို ကြား လိုက်ကြရသည်။ ခဏအကြာ ထောက်ခနဲ မီးခြစ်ခြစ်သံတစ်ခုနှင့် အတူ စိုင်းလင်းက ဖယောင်းတိုင်တစ်တိုင်တွင် မီးထွန်းညှိ လိုက်သည်။ ထိုအခါ ဖယောင်းတိုင်အလင်းရောင်ဖြင့် ဟောင်းနွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေသော ကော်ဓာေများကို သူတို့တွေ့လိုက်ကြရသည်။ စိုင်းလင်းက ဖယောင်းတိုင်ကိုမြှောက်ကိုင်ရင်း ရှေ့မှဦးဆောင်ကာ ကော်ဓာေ များအပေါ် နင်းလျှောက်သွားသည်။ ဖုံအလိမ်းလိမ်း ပင့်ကူမျှင် အထပ်ထပ်နှင့် ကျိုးပျက်ပျက်စီးနေကြသော အိမ်ထောင်ပရိဘောဂ များကို မြင်တွေ့နေကြရသည်။

'ဒါ..မီးဖိုခန်းဘက်သွားတဲ့လမ်းနဲ့ တူတယ်ကွ'

စိုင်းလင်းကပြောပြီး ရှေ့မှဦးဆောင်ကာ သွားနေသည်။ သူတို့ခြေလှမ်းချလိုက်တိုင်း ကြမ်းခင်းများက တကျွိကျွိ မြည်နေ ကြသည်။ ထိုအခိုက်..

'ဝုန်း'

'အား..သေပါပြီဗျ'

နောက်ဆုံးမှ အောင်ခန့်၏ထိတ်လန့်တကြား အော်ဟစ် လိုက်သံကြီးကြောင့် သူတို့အားလုံးအကြောအချဉ်များ တောင့်တင်း သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အား..လုပ်ကြပါဦးကွ..'

'အောင်ခန့်..အောင်ခန့်..ဘာဖြစ်တာလဲ'

အရေးထဲ စိုင်းလင်းက ဖယောင်းတိုင်ကိုင်ရင်း နောက်သို့ ရုတ်တရက်လှည့်လိုက်သဖြင့် မီးကငြိမ်းသွားပြန်သည်။

'အား...မြန်မြန်လုပ်ကြပါကွ..'

နာကျင်ကြောက်ရွံ့စွာအော်ဟစ်နေသော အောင်ခန့်၏ အသံကြောင့် အမှောင်ထဲတွင် ဇော်ရဲနှင့်ဖူးဖူးတို့ ပါးစပ်ဟောင်း လောင်းဖြင့် ကြက်သေသေနေကြသည်။ ထိုစဉ် စိုင်းလင်းက သူတို့နှစ်ဦးကို တွန်းတိုက်ဖြတ်ကျော်၍ အောင်ခန့်ထံရောက်သွား သည်။ အမှောင်ထဲတွင် အောင်ခန့်၏ သွေးရူးသွေး တန်းရုန်းကန် နေသံကို ကြားနေကြရသည်။ ဖူးဖူး ကြောက်လန့်စိတ်ကြောင့် နှလုံးသားတွေ ပေါက်ကွဲတော့မတတ် တုန်ခါနေသည်။ ဒူးတွေ ကလည်း ထိတ်လန့်မှုကြောင့် ခွေညွတ်ကျတော့မလို ဖြစ်နေလေပြီ။

ထိုအချိန်မှ မီးခြစ်သံတစ်ခုနှင့်အတူ စိုးလင်းထံမှ မီးပြန် လင်းလာပြီး ကြမ်းပေါက်တစ်ခုအတွင်း ခြေတစ်ဘက်ညှပ်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်နေသော အောင်ခန့်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

'အား..လုပ်..လုပ်ပါဦးကွာ..ဘောင်းဘီစနဲ့ ညပ်.. ညပ်နေတာကွ'

'မင်းဖြစ်လိုက်ရင် အသည်းအသန်ချည့်ပဲ'

ထိုအခါမှ ဇော်ရဲနှင့်ဖိုးလင်းတို့နှစ်ဦး အောင်ခန့်ကို ချိုင်းနှစ်ဘက်မှ မ,ကာ ဆွဲထုတ်လိုက်ကြရသည်။

'အား..ကျွတ်..ကျွတ်..ခြေထောက်အရေတော့ စုတ်သွားသလား မသိဘူး'

အောင်ခန့်မျက်နှာက နာကျင်မှုကြောင့် ရှုံ့မဲ့နေလေသည်။ ယခုမှ ဖိုးဖိုးမှာလည်း ရင်တုန်ပြေသွားလျက်..

'တော်သေးတာပေါ့ဟယ်..ငါက နင်များတစ်ခုခုဖြစ်သွားသလားလို့ ရင်ကိုတုန်သွားတာပဲ'

'အား..အခုလည်းဖြစ်တာပဲဟ..အီး..'

'အခုဖြစ်တာ..'

ဖိုးဖိုးဘာဆက်ပြောရမှန်း မသိတော့..။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဇော်ရဲက..

'ဟိုဘက်က အိပ်ခန်းလား..စာကြည့်ခန်းလား မသိဘူး။ တို့ဘယ်နေရာမှာ နားကြမလဲ..ခြေထောက်တွေလည်း ညောင်းလှပြီကွ'

'ဟုတ်တယ်..တို့နားဖို့အခန်းတစ်ခု အရင်ရှာရမယ်'

စိုင်းလင်းကလည်း ဇော်ရဲစကားကိုထောက်ခံကာ ဇော်ရဲပြသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားပြန်သည်။ သူတို့အားလုံးလည်း စိုင်းလင်းနောက်မှ လိုက်ပါသွားကြရပြန်၏။ ဒီတစ်ခါ အောင်ခန့်က ထော့နဲ့ထော့နဲ့ဖြင့် စိုင်းလင်းနောက်မှ ကပ်ပါလာသည်။

'ဟုတ်တယ်ဟေ့..ဒါအိပ်ခန်းပဲ'

အခန်းထဲ၌ ကျွန်းသားကုတင်ကြီးတစ်လုံးနှင့် ရှေးခေတ်ဟောင်း လက်ရာပုံစံ ဗီရိုရှည်ကြီးတစ်လုံးကို တွေ့လိုက်ကြရသည်။ ထို့အပြင် ကုတင်ကြီး၏ ခေါင်းရင်း၌လည်း စာရေးစားပွဲဟောင်း တစ်လုံးကို တွေ့ရသည်။ ကြေးလက်ကိုင်ဘုအံဆွဲပါ စာရေးစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းကလည်း ခေတ်ဟောင်းလက်ရာ ပွတ်လုံးခြေထောက်များနှင့် ဖြစ်သည်။ စိုင်းလင်းက လက်ထဲမှ ဖယောင်းတိုင်ကို စားပွဲပေါ်တွင် အစက်ချကာ ထွန်းလိုက်သည်။

'ဒီတစ်ညတော့ တို့..ဒီအခန်းထဲမှာပဲ နေကြမယ်'

ဇော်ရဲက ဖယောင်းတိုင်အလင်းရောင်ဖြင့် အခန်းထဲကို ဝေတ်ကာ ကြည့်ရှုနေသည်။ အခန်းနံရံတစ်ခု၌ ဖုံအလိမ်းလိမ်းကပ်နေသော ပန်းချီကားကြီးတစ်ချပ်ကို သူတွေ့လိုက်ရသည်။ ဖုံအလိမ်းလိမ်းကပ်နေသဖြင့် မည်သည့်ပုံကို ရေးဆွဲထားမှန်းမသိသော်လည်း ပန်းချီကားက အနီရောင်နှင့် အမည်းရောင်များ ကဲလွန်းသည့် ဒီပွာဆန်ဆန် ပန်းချီကားတစ်ချပ်မှန်း သိသာနေသည်။

ထိုအချိန် မိန်းကလေးဖြစ်သော် ဖူးဖူးက အခန်းထောင့်တစ်နေရာတွင် တွေ့ရသောကြက်မွေးတံမြက်စည်းတစ်ခုဖြင့် သူတို့ ထိုင်ကြမည့် ဝန်းကျင်တစ်ပိုက်ကို လှဲကျင်းနေသည်။ စိုင်းလင်းကလည်း ကုတင်အိုကြီးပေါ်၌ ခင်းထားသော ဟိုတစ်စ၊ သည်တစ်စ ပေါက်ပြဲနေသည့် မွေ့ယာကြီးကို ဆွဲချနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မွေ့ယာကြီးက ပေါက်ပြဲနေပေမယ့် ဖုန်တွေခါပြီး အိပ်ရင်ရသေးတယ်ကွ..'

'နင်တစ်ယောက်တည်းပဲအိပ်..ဒီလောက်ဖုန်တွေ ကပ်နေတာ..တစ်ကိုယ်လုံးယားကုန်မှာပေါ့'

ထိုအခိုက် အောင်ခန့်က ကျွန်းသားဗီရိုကြီးကို ဆွဲဖွင့်နေသည်။ ဗီရိုတံခါးကြီးပွင့်သွားသောအခါ၌မူ..

'ဟာ..ဟော့ကောင်တွေ ဒီမှာ..လာကြည့်ကြစမ်း'

အောင်ခန့်အသံကြောင့် သူတို့အားလုံး ဗီရိုကြီးရှိရာသို့ ရောက်သွားကြသည်။ ဗီရိုကြီးအတွင်း၌ များပြားလှစွာသော ရောင်စုံအဝတ်အထည်များ ရှိနေလေသည်။ မကြာမီ သူတို့အားလုံး အထဲမှ အဝတ်အစားများကို အလုအယက်ဆွဲထုတ်ကာ မွှေနှောက်ပြီးသား ဖြစ်သွားကြသည်။ ဖူးဖူးက သားမွေးအင်္ကျီရှည်ကြီး တစ်ထည်ကို ကိုယ်တွင် ပတ်ကြည့်နေသည်။

'ဟား..ဟား..မိုက်တယ်ဟေ့'

အဝတ်အစားများက ခေတ်မမှီတော့သည့် ရှေးခေတ်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်နေပြီး တန်းဘိုးကြီးမားသည့် အကောင်းစား အဝတ်အထည်

များဖြစ်နေကာ ပိုးကိုက်ရာများနှင့် ပြည့်နေလေသည်။

ထိုအချိန် ဓော်ရဲမှ ကြီးမား၍ရှည်လွန်းလှသော ပုဝါနီ

အပိုင်းကြီးတစ်ခုကို ဆွဲယူကာ..

'အိုကေပဲ..ဒါကြီးခင်းပြီး တို့တွေအိပ်ကြမယ်'

ပြောပြီး သူ့ပုဝါကြီးကို ကြမ်းပြင်ထက်တွင် အခေါက်

အခေါက်လုပ်ပြီး ထပ်ကာခင်းလိုက်သည်။

'ဒီအိမ်ကြီးမှာ လူမနေတာ ဘယ်လောက်ကြာသွားပြီလဲ

မသိဘူးနော်'

'အေးဟာ..ဒီလောက်ခေါင်တဲ့နေရာကြီးမှာ ဒီအိမ်ကြီးလာ

ဆောက်ထားတာ အံ့ဩစရာပဲ'

ရှုးရှုးနှင့်စိုင်းလင်းတို့ ပြောဆိုနေကြသော စကားများကို

နားထောင်ရင်း အောင်ခန့်က ခုံပေါ်တွင် ထွန်းထားသည့် ဖယောင်း

တိုင်ကို ကြည့်ကာ..

'ဒါနဲ့..စိုင်းလင်း မင်းဆီမှာ ဖယောင်းတိုင် ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပါခဲ့သလဲ..ဖယောင်းတိုင် မကုန်ခင် ငါတို့စားဖို့သောက်ဖို့ လုပ်ထားကြမှဖြစ်မယ်'

အောင်ခန့် စကားကြားမှ အားလုံးစားဖို့သောက်ဖို့ကိစ္စကို သတိရသွားကြတော့သည်။စိုင်းလင်းက..

'ဖယောင်းတိုင်ကတော့ မပူနဲ့..တစ်ထုပ်ကြီး လိုရမည်ရ ထည့်လာခဲ့တာ..စားဖို့အတွက်သာ ပါလာတဲ့ခေါက်ဆွဲထုပ်တွေပဲ တီးရမှာပဲ.. ဒါပေမဲ့ ရေနွေးလိုတယ်ကွ'

'ခုနက မီးဖိုခန်းဘက်သွားကြည့်ပြီး တစ်ခုခုလုပ်ကြ ရအောင်'

ဖော်ရဲကလည်း အကြံပေးသည်။ သူတို့မှာ ပထမ စီစဉ်ထားသည့်အတိုင်း ကြော်လှော်စားသောက်ကြမည်ဟု ရည် ရွယ်ခဲ့ကြသဖြင့် မြေပဲဆန်၊ ငါးမုန့်၊ ဝက်အူချောင်း၊ ယိုးဒယား အသားတုံအစရှိသော ကြော်လှော်၍စားရ မည့်အစားအသောက် များသာ အများဆုံးပါလာခဲ့ကြသည်။ သည်အတိုင်းစား၍ရသော ပေါင်မုန့်၊ ဘီစကွတ်မုန့်များ ပါမလာခဲ့ကြ။ ခေါက်ဆွဲထုပ်များ

www.burmeseclassic.com

www.burmeseclassic.com



တောင် ဖူးဖူးပြော၍ ဝယ်ခဲ့မိကြခြင်းဖြစ်သည်။

ထိုအခိုက် အောင်ခန့်က ကျွတ်ကျွတ်အိတ်ဖြင့် ထုပ်ကာဆွဲလာသည့် သံဗူး၊ ဘီယာဖာများကို ဆွဲထုတ်ကာ‥

'လောလောဆယ်တော့‥ ဘီယာတစ်ယောက်တစ်လုံးလောက် အရင်ဝိုက်ထားကြစို့ သူငယ်ချင်းတို့‥ဟဲ‥ဟဲ‥ အဆာပြေပေါ့ကွာ'

'မင်းကလည်း အရေးထဲ ဘီယာသောက်လို့ အဆင်ပြေမတဲ့လားကွ‥'

'အေးလေ‥သောက်ချင်ရင် နင့်ဟာနင်သောက်‥ ငြီး‥ ကျန်နေခဲ့ငါတို့ မီးဖိုခန်းဘက်သွားပြီး ရေနွေးရအောင် ကြံရဖန်ရဦးမယ်'

ကျန်လူများအားလုံးက အောင်ခန့်ကို တစ်ယောက်တစ်ပေါက်ပြောဆိုကာ မီးဖိုခန်းဘက်သွားကြရန် ဟန်ပြင်လိုက်ကြသည်။ ဒီတော့လည်း‥ အောင်ခန့်တစ်ယောက်တည်း နေရစ်ရုံမရှိ‥



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ..ဟဲ..ဒါဆို ငါလည်းလိုက်မှာပေါ့ကွ"

သူတို့အားလုံး မီးဖိုခန်းဘက်သို့ စမ်းစမ်း,စမ်းစမ်းဖြင့် သွားရောက်ခဲ့ကြရပြန်သည်။

ကံကောင်းထောက်မ၍ မီးဖိုခန်းအတွင်း၌ ဖုန်တသော သောနှင့် ပန်းကန်ခွက်ယောက်များကို တွေ့ကြရလေ၏။ မီးဖိုမှာမူ ထင်းမီးဖိုဖြစ်၍ ခြောက်သွေ့လွန်းပြီး ပိုးစားထားသော ထင်းခြမ်းလေး ငါးခြမ်းကိုလည်း တွေ့ရလေသည်။ စိုင်းလင်းက ထင်းခြမ်းများကို ကောက်ယူကာ မီးဖိုတွင် မီးမွှေးလိုက်သည်။ နောက်ထပ် ထင်းအတွက်လည်း ကျိုးပဲ့နေသော ထိုင်ခုံဟောင်း တစ်ခုရှိနေသည်။ သူတို့တွင် ရေသန့်ဗူးများပါလာကြသဖြင့် ရေအတွက် မပူရတော့။ ထိုအခိုက် လက်ဆော့သော အောင်ခန့်က သံချေးများအထပ်ထပ် တက်နေသည့် ရေပိုက်ခေါင်းတစ်ခုကို ကြိုးစား၍ လှည့်ဖွင့်ကြည့်လိုက်သည်။

"ဟာ..ရေလာသေးတယ်ကွ.."

"မိုးတွင်းပိုင်းတုန်းက အပေါ်ရေတိုင်ကီတွေမှာ မိုးရေတွေ


www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေလို့နေမယ်'

'ဘာပဲပြောပြော ဆေးဖို့ကြောဖို့တော့ ရတာပဲဟဲ့'

ရှုးရှုးက ပြောပြောဆိုဆို ပိုက်မှထွက်သော ရေများဖြင့် သံဒယ်ကြီးတစ်လုံးကို ဆေးကြောလိုက်သည်။

'ဟဲ့..ဆပ်ပြာလေးပါရင် ကောင်းမယ်ဟဲ့'

'သိပ်ပါတာပေါ့..နေဦး ငါသွားယူလိုက်ဦးမယ်'

စိုင်းလင်းကပြောပြီး အရှေ့ခန်းဘက်သွားရန်ပြင်သည်။

'ဟဲ့..နေဦး..ဖော်ရဲ နင်ပါ စိုင်းလင်းနဲ့ လိုက်သွားပြီး၊ ခေါက်ဆွဲထုပ်တွေနဲ့ ဆီရယ်၊ ကြော်ဖို့လှော်ဖို့ပစ္စည်းတွေပါ တစ်ခါ တည်းယူခဲ့တော့'

မကြာခင်သူတို့ အားလုံးအတွက် ခေါက်ဆွဲပြုတ်နှင့် စားသောက်စရာ အကြော်အလှော်များကို စားဖိုမှူးရှုးရှုးက ချက်ပြုတ်ကြော်လှော်ပေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ခေါက်ဆွဲပြုတ်များစားပြီး အကြော်အလှော်နှင့် အကင်များကို ဘီယာဖြင့် စားသောက်ရင်း အတော်ဟုတ်သွားကြသည်။ စိုင်းလင်းက အကင်တစ်ခုကိုဖဲ့ကာ ဝါးရင်းမှ..

'ဘာပဲပြောပြော တို့တွေအားလုံး အခုလို ရင်ခုန်စရာ.. စိတ်လှုပ်ရှားစရာကောင်းတဲ့ အိမ်ကြီးမျိုးထဲမှ အခုပုံစံမျိုးအတိုင်း ပျော်ပျော်ရွှင်ရွှင်နဲ့ စားသောက်ဖြစ်ကြလိမ့်မယ်လို့ ဘယ်သူစိတ်ကူးမိကြသလဲ..'

'ဟား..ဟား.. ဟုတ်တယ် ဘယ်သူမှစိတ်မကူးမိကြဘူး.. ဖွတ်တယ်ကွာ.. မင်းဦးလေးခြံရောက်ခဲ့ရင်တောင် တို့အတွက်ဒီလို ခံစားမှုမျိုးရမှာမဟုတ်ဘူး'

အောင်ခန့်ကလည်း ဘီယာအရှိန်ကြောင့် လျှာသွက်အာသွက်ဖြင့် စိုင်းလင်းစကားကို ထောက်ခံလိုက်ကြသည်။

စိုင်းလင်းက ဖယောင်းတိုင်မီးရောင်ဖြင့် မြင်နေရသော အိပ်ခန်းကြီးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

'အင်း..ဒီတစ်ခါတော့ ငါတို့ ခရီးထွက်ရကျိုးနပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်.. ငါ့စိတ်ထဲမှာ ငါတို့ဒီထက်ပိုပြီး ရင်ခုန်စရာကောင်းတဲ့ အရာတွေ ဒီအိမ်ကြီးထဲမှာ ဆက်တွေ့ဦးမယ်လို့ ထင်နေတယ်ကွ'

'စိုင်းလင်း..နင်ဘာတွေ လျှောက်ပြောနေတာလဲ..'

ဖူးဖူး၏အမေးကို စိုင်းလင်း ချက်ခြင်းမဖြေဘဲ သူ့အတွက် ဝေစုဖြစ်သည့် နောက်ဆုံးဘီယာဗူးထဲမှ လက်ကျန်ကို မော့ကာ သောက်ရင်း..

'ငါတို့..ဒီအိမ်ကြီးထဲကို လျှောက်ကြည့်ကြမယ်'

'စိုင်းလင်း စားသောက်ပြီး ငါတို့ အေးအေးဆေးဆေး အိပ်ကြရုံပဲ.. မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်'

ဖူးဖူးက ထိတ်ထိတ်လန့်လန့်ဖြင့် စိုင်းလင်း၏စကားကို ကန့်ကွက် လိုက်သည်။ ထိုစဉ် ဇော်ရဲကပါ..

'ဟုတ်သားပဲ..ဖူးဖူးကလည်း ငါတို့ဒီအတိုင်း အိပ်ကြရင် ပျင်းစရာကြီးဟာ..စိုင်းလင်းပြောသလို ဒီအိမ်ကြီးထဲ လျှောက်ကြည့် ကြရင် အပျင်းပြေလိမ့်မယ်ထင်တယ်'

'မင်းတို့ကလည်း ဒီအတိုင်းထိုင်ပြီး စကားပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီလိုအိမ်မျိုးကြီးက မြေတိုက်ခန်းတွေဘာတွေလည်း ရှိတတ်တယ်ဟ‥ငါတို့ ဖယောင်းတိုင်တစ်ယောက်တစ်တိုင် ယူသွားမယ်'

ပြောပြောဆိုဆို စိုင်းလင်းနဲ့ဇော်ရဲက နေရာမှထရပ်လိုက်ကြသည်။ ဖူးဖူးဆက်ပြီး မတားနိုင်ခင်မှာပဲ သူတို့နှစ်ယောက် ဖယောင်းတိုင်နှစ်တိုင်ကို ယူကာ တစ်တိုင်ကို မီးထွန်းညှိပြီး အခန်းကြီးအပြင်ဘက်သို့ ထွက်ခွာသွားကြတော့သည်။ အောင်ခန့်က ပြောမရလည်း နေပါစေဟာဆိုသော အကြည့်မျိုးဖြင့် ဖူးဖူးကို တစ်ချက်လှမ်းကြည့်သည်။ ဖူးဖူးမှာလည်း‥

'ဒီနှစ်ယောက်တော့ ဒုက္ခပါပဲဟယ်'

ဟု ညည်းညူလိုက်ရုံမှအပ ဘာမှမတတ်နိုင်တော့။ ဒီနောက်မှာတော့ သူတို့နှစ်ယောက်ကျန်ခဲ့သော အခန်းကြီးအတွင်း၌ နှစ်ယောက်သား စကားမဆိုမိကြဘဲ အတန်ငယ်တိတ်ဆိတ်နေကြတော့သည်။ အပြင်ဘက်၌မူ စိုင်းလင်းနှင့်ဇော်ရဲတို့ လမ်းလျှောက်သွားသည့်အသံလား‥လေတိုက်၍ အိမ်ကြီးနှင့်သစ်ကိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီလိုအိမ်မျိုးကြီးက မြေတိုက်ခန်းတွေဘာတွေလည်း ရှိတတ်တယ်ဟ··ငါတို့ ဖယောင်းတိုင်တစ်ယောက်တစ်တိုင် ယူသွားမယ်'

ပြောပြောဆိုဆို စိုင်းလင်းနဲ့ဇော်ရဲက နေရာမှထရပ်လိုက်ကြသည်။ ဖူးဖူးဆက်ပြီး မတားနိုင်ခင်မှာပဲ သူတို့နှစ်ယောက် ဖယောင်းတိုင်နှစ်တိုင်ကို ယူကာ တစ်တိုင်ကို မီးထွန်းညှိပြီး အခန်းကြီးအပြင်ဘက်သို့ ထွက်ခွာသွားကြတော့သည်။ အောင်ခန့်က ပြောမရလည်း နေပါစေဟာဆိုသော အကြည့်မျိုးဖြင့် ဖူးဖူးကို တစ်ချက်လှမ်းကြည့်သည်။ ဖူးဖူးမှာလည်း··

'ဒီနှစ်ယောက်တော့ ဒုက္ခပါပဲဟယ်'

ဟု ညည်းညူလိုက်ရုံမှအပ ဘာမှမတတ်နိုင်တော့။ ဒီနောက်မှာတော့ သူတို့နှစ်ယောက်ကျန်ခဲ့သော အခန်းကြီးအတွင်း၌ နှစ်ယောက်သား စကားမဆိုမိကြဘဲ အတန်ငယ်တိတ်ဆိတ်နေကြတော့သည်။ အပြင်ဘက်၌မူ စိုင်းလင်းနှင့်ဇော်ရဲတို့ လမ်းလျှောက်သွားသည့်အသံလား··လေတိုက်၍ အိမ်ကြီးနှင့်သစ်ကိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်တိုက်သံလားမသိ။ တစ်ချက်တစ်ချက် တကျွီ ကျွီအသံများကို ကြားနေရသည်။ ခဏနေမှ ရှုးရှုးက အာခြောက်နေသော အသံမျိုးဖြင့် အောင်ခန့်ကို မေးသည်။

'ဘယ်နှစ်နာရီလောက်ရှိပြီလဲ··အောင်ခန့်'

အောင်ခန့် ဖယောင်းတိုင်မီးရောင်ဖြင့် သူ့လက်မှနာရီကို မြှောက်ကြည့်ရင်း··

'ဘာမှသာ မဟုတ်တာ·· ဆယ့်တစ်နာရီတောင်ခွဲတော့မယ်ဟ··တို့ချက်ပြုတ်စားသောက်ကြတဲ့အချိန်တွေ အတော်ကြာသွားတာပဲ··ဝါး··'

ပြောပြီး အောင်ခန့်က တစ်ချက်သန်းဝေသည်။ ပြီးတော့ ရှုးရှုးကိုလည်းကြည့်ကာ··

'နင်အိပ်ချင်ရင် ဒီမွေ့ယာကြီးပေါ်မှာလာအိပ်··ဗီရိုထဲက အဝတ်တွေ အပေါ်ကခင်းထားတော့ မယားတော့ပါဘူးဟ··ပုံ တောင်စိမ်ရှိသေးတယ်·· အပေါ်ကခြုံချင်လည်း ဟိုလေးခင်းကုတ် အရှည်ကြီး ခြုံလို့ရတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုနှစ်ကောင်လည်း တော်တော်အရစ်ရှည်တာပဲဟာ.. ဒါနဲ့ နင်တို့ ကျတော့ ဘယ်မှာအိပ်မှာလဲ'

'ငါတို့က အခုပိတ်စကြီးခင်းထားတဲ့အပေါ်မှာပဲ အိပ်မှာပေါ့.. တော်ပြီ..ငါကတော့ အိပ်ပြီးပဲစောင့်တော့မယ်'

အောင်ခန့်ကပြောပြီး အစောပိုင်းက သူတို့ထိုင်ခဲ့ကြသည့် ခင်းထားသော ပိတ်စကြီးပေါ်တွင် လှဲအိပ်ရင်း အညောင်းဆန့်လိုက်သည်။ စိုင်းလင်းနှင့်ဖော်ရဲတို့ကတော့ အခုချိန်ထိ ဘာတွေလျှောက်ကြည့်နေကြသည်မသိ။ ရှုးရှုး ကြည့်ဖူးခဲ့သော ဗီဒီယိုများထဲမှ သရဲကားတစ်ကားကိုသွား၍ အမှတ်ရလိုက်ကာ ကြက်သီးများပင် တစ်ဖျန်းဖျန်းထသွားလေတော့သည်။ ကြောက်ကြောက်ဖြင့် အောင်ခန့်ပြောသည့် မွေ့ယာကြီးပေါ်တွင် တက်အိပ်ကာ အပေါ်မှ စောင်းကုတ်ရှည်ကြီးတစ်ထည်ကို ခြုံထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

သူမကိုယ်တိုင်ပင် မေးခနဲအိပ်ပျော်သွားခဲ့သည်လားမသိ။ ဗူးရှလွန်းသော အသံတစ်သံကြောင့် ဖူးဖူး ရုတ်တရက် လန့်နိုးလာခဲ့သည်။

'..ဒင်..ဒင်..ဒင်..ဒင်..'

သူမနည်းတူ မလှမ်းမကမ်းတွင် အိပ်နေသော အောင်ခန့်လည်း အိမ်ကြီးအတွင်း ကျယ်လောင်စွာထွက်ပေါ်လာသော နာရီသံကြောင့် လန့်နိုးလာသည်။ နာရီသံကြီးက (၁၂)ချက်တိတိ..။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ..တိုင်ကပ်နာရီသံကြီးဟ..ဒီအိမ်ကြီးထဲမှာ နာရီအကောင်းကြီးရှိနေတာ အံ့သြစရာပဲ'

'ဟုတ်ပ..စိုင်းလင်းနဲ့ဇော်ရဲတို့လည်း ပြန်မလာကြသေးဘူး..ဟင်'

အောင်ခန့်ကို ပြန်ပြောရင်း ရုတ်တ ရက် တစ်စုံတစ်ခုကို သတိထားမိသွားခြင်းကြောင့် ရှူးရှူးတစ်ယောက် စကားဆက်မပြောနိုင်ဖြစ်သွား ရလေတော့သည်။ သူမတို့မအိပ်ခင် ဖယောင်းတိုင် မီးထွန်းထားခဲ့သော အခန်းကြီးသည် ယခုအချိန်၌ မျက်နှာကျက်မှ လင်းနေသော မီးဆိုင်းကြီးအရောင်ဖြင့် လင်းထိန်နေခြင်းပါပေ။ အောင်ခန့်သည်လည်း အခုမှ သူမနည်းတူ သတိထားမိသွားဟန်ရှိလေသည်။ မီးဆိုင်းကြီးကို မော့ကြည့်ကာ တအံ့တသြဖြစ်နေလေသည်။

'ဟ..ဘာတွေ ဖြစ်ကုန်ပြီလဲ..'

ကုတင်ကြီးခေါင်းရင်းရှိ စားပွဲခုံဟောင်းအပေါ်၌လည်း သူမတို့ထွန်းထားခဲ့သော ဖယောင်းတိုင်က မငြိမ်းသေး။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်အောင်ခန့်တို့နှစ်ယောက်သား ထိတ်လန့်အံ့ဩစွာဖြင့် ခေတ္တ မျှ ကြက်သေသေသွားကြလေသည်။ ထိုအခိုက်တွင်ပင် သူတို့နှစ်ယောက်ရှိ နေရာအခန်းဆီသို့ ထိတ်လန့်တကြား ပြေးလာနေသော ခြေသံများကို ကြားလိုက်ရပြီး မရှေးမနှောင်းပင် အလွန်အမင်း ထိတ်လန့်ခြောက်ခြားနေသော မျက်နှာများဖြင့် စိုင်းလင်းနှင့်ဇော်ရဲတို့နှစ်ဦး အခန်းတွင်းသို့ အမောတကော ပြေးဝင်လာကြသည်။ စိုင်းလင်းက အခန်းထဲသို့ရောက်သည်နှင့် အခန်းတံခါးကြီးကို အသည်းအသန်ဆွဲပိတ်ပြီး ကိုယ်နှင့်ဖိကပ်ထားသည်။ သူ့မျက်နှာပေါ်တွင် ချွေးတွေက ရွှဲနစ်နေသည်။ ဇော်ရဲပုံစံကလည်းမထူး။ သူတို့နှစ်ဦးမောဟိုက်လွန်းသဖြင့် စကားပင် မပြောနိုင်ကြသေး။

'စိုင်းလင်း..ဇော်ရဲ..ဘာဖြစ်လာကြတာလဲဟင်.. ဘာဖြစ်လာကြတာလဲ'

အောင်ခန့်နှင့် ဖူးဖူးတို့မှာလည်း အခုမှ သတိဝင်လာကြပြီး အမောတကော မေးလိုက်ကြသည်။ အတန်ကြာမှ ဇော်ရဲဆီက



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တုန်လှုပ်စွာဖြင့် အသံထွက်လာသည်။

'ငါ..ငါတို့ ဒီနေရာက အ..အမြန်ဆုံးထွက်သွားကြမှ ဖြစ်..ဖြစ်မယ်'

'ဘာ...' 'ဘယ်လို..'

အောင်ခန့်နှင့်ဖူးဖူးတို့နှစ်ဦး ဇော်ရဲစကားကြောင့် ဖြိုင်တူပါးစပ်များ ဖွင့်ဟသွားကြသည်။

'ဟုတ်တယ်..ဇော်ရဲပြောသလို ငါ..ငါတို့ ဒီအိမ်ကြီးထဲက အမြန်ဆုံးထွက်နိုင်မှ ဖြစ်မယ်'

စိုင်းလင်း၏ အသံကလည်း အသက်ပင်မရှုနိုင်သလို အမောတကော နိုင်လှသည်။

'မင်းတို့နှစ်ယောက် ဘာတွေများ ဖြစ်လာကြလို့လဲ.. ငါ.. ငါတို့လည်း ပြောပါဦး'

'ဟုတ်တယ်..ဘာဖြစ်လို့ တို့ဒီနေရာက အမြန်ဆုံးထွက်ကြရမှာလဲ..ဇော်ရဲ..စိုင်းလင်း..နင်တို့ဘာတွေဖြစ်လာကြလို့..ဖူး..'



www.burmeseclassic.com

www.burmeseclassic.com


ဇူးဇူးစကား ဆုံးအောင် မမေးလိုက်ရ။ ဇော်ရဲက သူမ ပါးစပ်ကို လှမ်းကာပိတ်လိုက်သည်။ ပြီးမှ လေသံအုပ်အုပ်ဖြင့်..

'ရှူး..နှင့်အသံကြီးသိပ်မကျယ်စမ်းနဲ့ ဇူးဇူး..အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်'

ထိုအခါမှ စိုင်းလင်းကလည်း တုန်လှုပ်နေသော အသံမျိုးဖြင့်..

'နင်တို့နှစ်ယောက် အိမ်ကြီးထဲမှာ ဒီလောက်အခြေအနေတွေ ပြောင်းလဲသွားတာ အကဲမခတ်မိကြဘူးလား.. အခု. အခု ငါတို့ရောက်လာခဲ့ကြတဲ့အိမ်ကြီးက ရိုးရိုးအိမ်ပျက်ကြီး မဟုတ်ဘူးဟ..တ..တစ္ဆေအိမ်ကြီးဟ..'

စိုင်းလင်း၏စကားကြောင့် ဇူးဇူးနှင့် အောင်ခန့်တို့မျက်နှာ ထိတ်လန့်မှုကြောင့် သွေးဆုတ်ကာ ဖြူဖွေးသွားကြလေတော့သည်။ ခဏနေမှ စိုင်းလင်းက..

'ငါ..ငါနဲ့ဇော်ရဲတို့ ပထမ..အိမ်ကြီးအပေါ်ထပ်ကို တက်ကြည့်ကြတယ်.. စက်သွားနေတဲ့ တိုင်ကပ်နာရီကြီးတစ်လုံး


www.burmeseclassic.com

www.burmeseclassic.com


ကလွဲပြီး အပေါ်ထပ်မှာ ထူးထူးခြားခြားဘာမှ မရှိဘူးဟာ..နောက်မှ ဒီ..ဒီကောင်က မြေတိုက်ခန်းတွေ ဘာတွေ ရှိရင်ရှိနိုင်တယ် ရှာကြည့်ရအောင်ဆိုတာနဲ့..'

စိုင်းလင်းနှင့် ဇော်ရဲတို့ အိမ်အပေါ်ထပ်လှေကားကြီးက သတိထားပြီး ပြန်ဆင်းလာခဲ့ကြသည်။

'ငါတို့ အခန်းက ညာဘက်ခန်း ဆိုတော့ ဒီဘက်ကို သွားကြည့်ကြမယ်..စိုင်းလင်း'

သူတို့နှစ်ဦး ဘယ်ဘက်သို့ ခွဲထွက်သွားသော စင်္ကြံ လမ်းကလေးအတိုင်း လျှောက်လာကြရင်း လက်ကိုင်ဘီးတစ်ခုနှင့် တံခါးပေါက်ငယ်တစ်ခုကို တွေ့လိုက်ကြရသည်။ စိုင်းလင်းက ထိုတံခါးပေါက်ကို လက်ထဲမှ ဖယောင်းတိုင်မီးဖြင့် မြှောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း..

'မင်း..နည်းနည်းလောက်လှည့်ကြည့်ပါလား..ဇော်ရဲ'

'အေး..မြေတိုက်ခန်း တံခါးပေါက်ဖြစ်ရင် ဖြစ်နိုင်တယ်'

ဇော်ရဲက လက်ကိုင်ဘီးအဝိုင်းကို လက်နှစ်ဘက်ဖြင့် အားစိုက်ကာ လှည့်ကြည့်လိုက်သည်။ ကျွီကနဲမြည်သွားသော အသံနှင့်အတူ တံခါးက ဘေးဘက်သို့ အနည်းငယ်ဟသွားတော့သည်။

'ဟာ..ဟုတ်ပြီ..ဆက်လှည့်..ဇော်ရဲ..ဆက်လှည့်'

ဇော်ရဲလက်ကိုင်ဘီးကို ယခင်အတိုင်း ဆက်လှည့်လိုက်သည်။

'ကျွီ...ကျွီ..'

မကြာမီ တံခါးပေါက်က လူတစ်ကိုယ်ဝင်စာမျှ ထပ်မံပွင့်ဟသွားလေသည်။

နှစ်ယောက်သား ဖယောင်းတိုင်မီးရောင်ဖြင့် တံခါးပေါက် အတွင်းပိုင်းသို့ ကြည့်လိုက်ကြသည်။ သေချာပေပြီ။ အောက်ကို



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ဆင်းသွားသော လှေကားထစ်များကို သူတို့တွေ့လိုက်ကြရသည်။

'ဒါ..မြေတိုက်ခန်းကိုဆင်းတဲ့ လှေကားပဲကွ'

စိုင်းလင်းကပြောပြီး တံခါးပေါက်မှ အတွင်းသို့ ဦးစွာဝင်သွားသည်။ နိမ့်ဆင်းသွားသော လှေကားထစ်များက ရှေ့တွင် အမှောင်ထဲ၌ ပျောက်ကွယ်နေကြ၏။ အေးစိမ့်စိုထိုင်းသော ခံစားမှုမျိုးကိုလည်း သူတို့ရနေရလေသည်။

'သတိထားဆင်း စိုင်းလင်း..လှေကားထစ်တွေက စိုပြီး ချော်နေတယ်ကွ'

ဇော်ရဲက ရှေ့မှဆင်းသွားနေသော စိုင်းလင်းကို သတိပေးသည်။ ထိုအခိုက်...

'ဝေါ..ဖလပ်..ဖလပ်..'

'အောင်မလေး'

လင်းနို့နှစ်ကောင်,သုံးကောင်ခန့် သူတို့ခေါင်းပေါ်မှ ဖြတ်ကျော်သွားကြခြင်းပင်။ စိုင်းလင်း ငြိမ်းမလိုဖြစ်သွားသော ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်မီးကို ကပျာကယာလက်ဖြင့် ကွယ်ထားလိုက်ရလေ၏။

'ဟူး··လန့်သွားတာပဲကွာ··'

'ဟား··ဟား··လင်းနို့တွေပါကွ··မင်းကလည်း မြေတိုက်ခန်းဆိုတော့ လင်းနို့တွေရှိမှာပဲ'

မကြာမီ သူတို့နှစ်ဦး လှေကားထစ်များအဆုံး မြေတိုက်ခန်းကြမ်းပြင်ဆီသို့ ရောက်လာကြတော့သည်။ ပို၍ အေးစိမ့်စိမ့်ထိုင်းသော ခံစားမှုကိုလည်း သူတို့ရရှိနေကြသည်။ ဂိုအခိုက်ညှီစို့စို့အနံ့ဆိုးကြီးတစ်ခုက သူတို့ နှာခေါင်းများထဲသို့ တိုးဝင်လာသည်။

'နံလိုက်တာကွာ··ဘာအနံ့ကြီးလဲ မသိဘူး'

စိုင်းလင်းက နှာခေါင်းကို ရှုံ့ရင်း··အနံ့လာရာ မြေတိုက်ခန်းကြီး အတွင်းပိုင်းသို့ ဖယောင်းတိုင်မီးကို မြှောက်ကာ ကြည့်ရှုလိုက်သည်။ ထိုအခါ မြင်လိုက်ရသောမြင်ကွင်းကြောင့် သူတို့နှစ်ဦး အသက်ရှူပင်ရပ်သွားကြတော့မတတ် ဖြစ်သွားကြတော့သည်။ သူတို့ရှေ့ ဖယောင်းတိုင်မီးယောင်ဖြင့် မြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



အရာများကား··အနက်ရောင်အခေါင်းတလားကြီးများဖြစ်ပြီး အချို့မှာ ပင့်ကူမျှင်များထူထဲစွာ ဖုံးအုပ်နေကြလေသည်။ သူတို့ မြင်လိုက်ရသော အခေါင်းကြီးများကြောင့် ခြေလှမ်းများ အလို လိုပင် တွန့်ဆုတ်သွားကြသည်။ နှစ်ယောက်သားစကား မပြောနိုင် လောက်အောင်လည်း လည်ချောင်းများ တစ်ဆို့နေကြသည်။ ဘယ်လောက်သတ္တိကောင်း,ကောင်း လူသေအလောင်းများ ထည့် ထားသည့် အခေါင်းကြီးများဟု သိနေသောစိတ်ကြောင့် သူတို့နှစ်ယောက်စလုံး ခြေဖျားလက်ဖျား အေးစက်ကုန်ကြသည်။ ခဏကြာမှ ဘာဆက်လုပ်ကြမလဲဟူသောအကြည့်ဖြင့် စိုင်းလင်းက တစ်ချက်လှမ်းကြည့်သည်။ ဇော်ရဲက ထိတ်လန့်နေသည့်ကြားမှ အခေါင်းကြီးများကို စိတ်နဲ့ရေတွက်နေမိသည်။ စုစုပေါင်း(၅) လုံးပင်··။ ထိုအခိုက်တွင်ပင်··

'ဒင်···ဒင်··ဒင်··ဒင်··'

အပေါ်အပြင်ဘက်ဆီမှ စူးရှကျယ်လောင်လွန်းလှသော ချောက်ချားဖွယ်နာရီသံကြီးကို ကြားလိုက်ကြရကာ သူတို့နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကြီးများ ဆတ်ခနဲ တုန်လှုပ်သွားကြရလေတော့သည်။ နာရီသံကြီးက စုစုပေါင်း (၁၂)ချက်တိတိ။ စိုင်းလှိုင်းနှင့် ဇော်ရဲ ထိတ်လန့်ခြောက်ခြားနေသော မျက်နှာကိုယ်စီဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ ပြီးတော့ မတိုင်ပင်ရပါဘဲနှင့် သူတို့ ခြေလှမ်းများက အပေါ်ထွက်ပေါက်ရှိရာ လှေကားထစ်များဆီသို့ ဦးလှည့်ပြီးသား ဖြစ်သွားကြလေတော့သည်။ ထိုခဏတွင်းပင် သူတို့နားထဲ၌ ညည်းညူသံကဲ့သို့ အသံကြီးတစ်ခုလည်း စတင် ကြားလိုက်ကြရလေတော့၏။ နှစ်ဦးသား လှမ်းနေသော ခြေလှမ်း များ အလိုလိုရပ်တန့်သွားပြီး အခေါင်းကြီးများရှိရာဘက်သို့ ပြိုင်တူလှမ်းကြည့်မိလိုက်ကြပြန်သည်။

'ဟာ..' 'ဟင်..'

အခေါင်းကြီးများ အပေါ်ဘက်မြေတိုက်ခန်းမျက်နှာကျက် ဆီမှ နီကျင်ကျင်မီးလုံးကြီးများ ရုတ်တရက်လင်းလာကြခြင်းကို သူတို့ အံ့သြထိတ်လန့်ဖွယ် မြင်တွေ့လိုက်ကြရခြင်းကြောင့်ပင်..။

စိုင်းလှိုင်းနှင့် ဇော်ရဲတို့နှစ်ဦးသား အံ့သြစိတ် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်များကြောင့် ခန္ဓာကိုယ်အကြောအချဉ်များ တုံ့ဆိုင်းသွားကြပြီး ခေတ္တကြက်သေသေကာ သွေးရောင်နီနီကျင့်ကျင့် မီးလုံးကြီးများနှင့် ချောက်ချားဖွယ် အခေါင်းကြီးများကိုကြောင်၍ ကြည့်နေမိကြသည်။ စိုင်းလင်းလက်ထဲမှ ဖယောင်းတိုင်မှာလည်း အောက်သို့ လွတ်ကျသွားလေသည်။ ထိုအခိုက်တွင်ပင် အရိုးအကြောထဲအထိ စိမ့်၍သွားသော ခြောက်ခြားဖွယ်ငြီးငြူသံကြီးတစ်ခုကို သူတို့နှစ်ယောက်စလုံး ထပ်မံကြားလိုက်ကြရပြန်ကာ အခေါင်းကြီးများ တလှုပ်လှုပ်ဖြစ်လာသော မြင်ကွင်းကို မယုံကြည်နိုင်ဖွယ် မြင်တွေ့လိုက်ကြရလေတော့၏။

ပထမဦးဆုံး သတိဝင်လာသော ဇော်ရဲက‥

'ဟော့ကောင်‥စိုင်းလင်း‥ပြေး‥ပြေးတော့‥'

ဇော်ရဲက ကြောင်လျက်ရှိနေသေးသော စိုင်းလင်း၏ပခုံးကို ဖျန်းကနဲပုတ်၍ သတိပေးကာ အပေါ်တက်သည့်လှေကားရင်းဆီသို့ ပြေးသွားလေတော့သည်။ ထိုအခါမှ စိုင်းလင်းသည် သတိဝင်လာလျက် ထိတ်လန့်တကြားဖြင့် ဇော်ရဲနောက်မှ အပြေးလိုက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

သူတို့နှစ်ဦး အလဲလဲအပြိုပြိုဖြင့် မြေတိုက်ခန်းလှေကား ထစ်များအတိုင်း တက်ပြေးလာကြရင်း နောက်ပြန်လှည့်ကြည့် မိလိုက်ကြတော့..

'ဟာ..' 'အောင်မလေးဗျ..'

'ငါ..ငါတို့ ဘာမြင်လိုက်ကြရတယ်ထင်လဲ..'

စိုင်းလင်း၏စကားကို နားထောင်နေရင်း အောင်ခန့်နှင့် ဖူးဖူး တို့မှာ အသက်ပင်မရှူဝံ့တော့။ အလွန်အမင်း ကြောက်လန့်နေကြ သော စိတ်ကြောင့်လည်းပြန်မေးရန် လည်ချောင်းမှ အသံမထွက် ကြတော့။ စိုင်းလင်းက တံတွေးကို ဂလုခနဲမြိုချလိုက်ပြီးမှ တုန် တုန်ရင်ရင်အသံဖြင့် ဆက်ပြောသည်။

'အ..အခေါင်းကြီးတစ်ခုက အဖုံးကြီး..ဖွင့်..ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားပြီး‥ အဲဒီအထဲက လက်ကြီးတစ်ဘက်ထွက်လာတာကို နှစ်ယောက်မြင်‥ မြင်လိုက်ကြရတာဟာ‥အဝတ်အစားတွေလည်း စုတ်ပြတ်နေပြီး‥လက်သည်းရှည်ကြီးတွေနဲ့ မသတီချင်စရာ တစ္ဆေလက်ကြီးတစ်ဘက်ပဲ'

စိုင်းလင်း စကားအဆုံး အောင်ခန့်နှင့် ရှုးရှုးတို့မျက်နှာများ သွေးမရှိကြတော့။ ထိုစဉ်မှာပင် သူတို့အခန်းအပြင်ဆက်ဆီက တစ်စုံတစ်ယောက် နင်းလျှောက်လာသည့် ခြေသံတစ်ခုကို တကျွီကျွီကြားလိုက်ကြရလေတော့သည်။

'ဟင်‥'

ခြေသံများ‥သူတို့‥အခန်းရှိရာသို့ တစ်စုံတစ်ခုလာနေလေပြီ။ ခြေသံများက သူတို့အခန်းရှိရာသို့ ဦးတည်ကာ လာနေကြခြင်းဖြစ်၏။ စိုင်းလင်းပြောသည့်အတိုင်းဆို‥ဒီ‥ ဒီခြေသံများသည်‥



www.burmeseclassic.com

www.burmeseclassic.com



ခြေသံများက တစ်စ, တစ်စ နီးကပ်လာလေပြီ။ သူငယ်ချင်းလေးဦး ထိတ်လန့်တုန်လှုပ်စွာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

'ဟူး..သူတို့လာနေကြပြီ..'

စိုင်းလင်းက လေသံသဲ့သဲ့ဖြင့် ပြောလိုက်သည်။

ကျွိ... ကျွိ...

ခြေသံများက နီးသည်ထက်နီးကပ်လာနေ၏။

'ဘယ်..ဘယ်လိုလုပ်ကြမလဲ..'

အောင်ခန့်မျက်နှာမှာ ထိတ်လန့်တုန်လှုပ်လွန်း၍ ဖြူဖွေးနေသည်။ ရှူးရှူးကတော့ စကားပင် မပြောနိုင်တော့။ သူတို့လေးယောက်စလုံး ဘာလုပ်ရမှန်းပင် မသိတော့လောက်အောင် ဖြစ်နေကြရလေတော့ပြီ။ ထိုအခိုက် ဇော်ရဲက..

'ငါ..ငါတို့ ဟိုဗီရိုကြီးကို တွန်းရွှေ့ပြီး တံခါးပေါက်မှာခု..ခုပိတ်ထားကြရင်ကောင်းမယ်'

ဇော်ရဲအကြံကို စိုင်းလင်းက ချက်ချင်းပင် လက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com


လေးယောက်သား ကြောက်ကြောက်လန့်လန့်ဖြင့် ဗီရိုကြီးကို အား စိုက်ကာ တွန်းရွှေ့လိုက်ကြသည်။ လေးလံလွန်းသော ဗီရိုကြီးက တော်တော်နဲ့မရွှေ့။

'အား‥တွန်းကြပါဟ‥ခြေသံက နီးလာပြီ'

စိုင်းလင်းက ဗီရိုကြီးကို ပခုံးဖြင့်အားကုန်တွန်းရင်း ကြိတ်ကာပြောသည်။ လေးယောက်သား ချွေးအရွှဲသားနှင့် အားကုန်တွန်းကြမှ ဗီရိုကြီးက တဖြည်းဖြည်းရွှေ့လာသည်။ ထိုအခိုက် အပြင်ဘက်ကခြေသံက သူတို့အခန်း တံခါးရှေ့တည့်တည့်တွင် ရပ်တန့်သွားလေသည်။ မကြာလိုက် အပြင်ဘက်မှ တစ်စုံတစ်ယောက်က သူတို့အခန်းတံခါးလက်ကိုင်ဘုကိုလှည့်ကာ ဖွင့်လာသည်။ အထဲမှ လော့ချထားသဖြင့် လက်ကိုင်ဘုက လှည့်မရ‥

'ရှူးရှူး‥သွား‥နင့်ကိုယ်နဲ့အရင် ဖိကပ်ထားစမ်း'

ဇော်ရဲက ထိတ်လန့်တကြားဖြင့် လှမ်းအော်လိုက်သည်။ သူတို့တွန်းရွှေ့နေသော ဗီရိုကြီးက တံခါးဝသို့ရောက်ရန် တစ်ပေ ကျော်ကျော်မျှ လိုနေသေးတယ်လေ ။ ရှူးရှူး ဗီရိုကြီးကို တွန်း


www.burmeseclassic.com

www.burmeseclassic.com



နေရာမှလွတ်ကာ တံခါးကို အသားကုန်ဖိတွန်းထားလိုက်ရလေတော့သည်။ ထိုစဉ် အပြင်ဘက်ကအရာက တံခါးကို တဒုံးဒုံးထု ရိုက်လာတော့သည်။

ဒုံး...ဒုံး...

'အောင်မလေး..'

ရူးရူး ငယ်သံပါအောင်အော်ရင်း တံခါးကို အတင်းဖိကပ်ထားသည်။ စိုင်းလင်းကလည်း ဗီရိုကြီးကို အသည်းအသန် တွန်းရွှေ့ရင်း အော်ပြောသည်။

'ရူးရူး..မ.. မလွှတ်နဲ့..တအားဖိထား..အား..အီး..'

'ဝေါ..ကျွီ..'

ထိတ်လန့်စိတ် ကြောက်ရွံ့စိတ်များဖြင့် သုံးယောက်သားအားကုန် တွန်းလိုက်သော ဗီရိုကြီးက တံခါးတစ်ဝက်ခန့် ပိတ်မိသွားတော့သည်။

'ရူးရူး..ထွက်..ထွက်..နင်မြန်မြန်ထွက်'

ဇော်ရဲအသံကြောင့် ရူးရူးတံခါးကို ဖိကပ်ထားရာမှ အလျှင်



www.burmeseclassic.com

www.burmeseclassic.com



အမြန် ဖယ်ရှောင်လိုက်သည်။

'ဝေါ...ကျွီ..'

ဗီရိုကြီးက တံခါးကို လုံးဝ ပိတ်မိသွားဖြစ်သွားတော့သည်။ ထိုအချိန် အပြင်ဘက်မှ ထုရိုက်သံက ခေတ္တရပ်သွားပြီး သူတို့လေးဦး၏ မောဟိုက်သံ အော်ဟစ်သံများနှင့် ဆူညံနေတော့သည်။

မကြာခင် အပြင်ဘက်မှ ပိုမိုပြင်းထန်သော ထုရိုက်သံက စတင်လာပြန်သည်။

'ဒုံး....ဒုံး...'

'အား...'

ရှူးရှူးက ချွေးအရွှဲသားဖြင့် နားနှစ်ဘက်ကို လက်ဖြင့် ပိတ်ကာ အသားကုန်အော်နေသည်။ စိုင်းလင်း၊ ဇော်ရဲနှင့် အောင်ခန့်



www.burmeseclassic.com

www.burmeseclassic.com



တို့ သုံးဦးမှာလည်း ဘာဆက်လုပ်ကြရမှန်း မသိတော့။

'ဒိုး..ဒိုး...'

အပြင်ဘက်မှ တံခါးထုရိုက်သံကလည်း အစောပိုင်းကထက် ပိုမို ပြင်းထန်လာလေပြီး အပြင်မှ တစ်စုံတစ်ခုသော လက်နက်မျိုးဖြင့် ချိုးဖွဲ့ရိုက်ဖွင့်နေသည့်ပုံမျိုး ဖြစ်၏။ မကြာလိုက် ဒိုးခနဲ ထုရိုက်သံတစ်ချက်အဆုံး တံခါးချပ်၊ ပျဉ်ချပ်ကြီး၌ ဖွာသွားသော အသားစများနှင့်အတူ ရဲဒင်းသွားတစ်ခု ထွက်ပေါ်လာလေတော့သည်။

ဒိုး...ဒိုး...

အပြင်မှ ရဲဒင်းဖြင့် ချိုးဖွဲ့ရိုက်နက်ကာ ဖွင့်နေပါပြီကော။ သူတို့ အားလုံးအော်ဟစ်ရင်း ထိတ်လန့်စွာကြည့်နေကြဆဲပင် တစ်စ,တစ်စ ဖွာထွက် လာသော အပေါက်ကြီးမှ ရဲဒင်းသွား တစ်ခုလုံး ကျွတ်ထွက်လာတော့သည်။ စိုင်းလင်းက ကျွံထွက် လာသော ရဲဒင်းအသွားကြီးကို ရုတ်တရက် လက်နှစ်ဘက်ဖြင့် ဆွဲယူလိုက်ရင်းမှ..

'ဟော့ကောင်တွေ..ဝိုင်း..ဝိုင်းဆွဲကြပါဦးဟ'



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရဲနှင့် အောင်ခန့်တို့လည်း ရဲဒင်းအသွားကြီးကို မလွတ်တမ်း ဝိုင်းဆွဲထားလိုက်ကြလေသည်။

ဝုန်း…

အပြင်ဘက်မှ ရဲဒင်းကြီးက သူတို့လက်တွင်းပါလာကြကာ အားလွန်ပြီး သုံးယောက်သား ပုံလဲကျသွားတော့သည်။ ထိုအချိန် အပြင်ဘက်မှ ဒေါသတကြီးမာန်ဖီအော်ဟစ်သံကြီးကိုလည်း သူတို့ အားလုံးကြားလိုက်ကြရလေသည်။ သူတို့အားလုံးလဲကျ၍ နာကျင်သွားကြသည်ကို ဂရုမစိုက်နိုင်အား။ အမြန်လူးလဲထကာ အပြင်ဘက်မှ သတ္တဝါကြီးကို ရင်ဆိုင်ရန် ပြင်လိုက်ကြတော့သည်။ သူတို့ သွေးများထဲမှ ထုပုနေသော ကြောက်ရွံ့ထိတ်လန့်မှုများက နောက်ဆုံးအကျဉ်းအကြပ်ထဲတွင် သတ္တိများအဖြစ် ပြောင်းလဲသွားကြလေသည်။ စိုင်းလင်းက လက်ထဲတွင် ပါလာခဲ့သော ရဲဒင်းကြီးကို အသင့်ချိန်ပြီး‥

'ဇော်ရဲနဲ့ အောင်ခန့်‥ဓူးဓူးကိုခေါ်ပြီး ပြတင်းပေါက်ကနေ အပြင်ဘက်ကို အမြန်ဆုံးထွက်ကြတော့ မြန်မြန်လုပ်'



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရဲက ထိတ်လန့်တကြား အော်ဟစ်နေသော ဖူးဖူးကို ဆွဲထူပြီး ပိတ်ထားသော ပြတင်းပေါက်တစ်ခုဆီ ပြေးသွားသည်။ အောင်ခန့်မှာမူ တစ်ယောက်တည်းကျန်ခဲ့သော စိုင်းလင်းနှင့်အတူ နေခဲ့ရ ကောင်းနိုးနိုး၊ ဇော်ရဲတို့နောက်ပြေးလိုက်သွားရ ကောင်းနိုးနိုးဖြင့် ချီတုန်ချတုန်ဖြစ်နေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ သွေးပျက်ဖွယ်ညည်းညူအော်သံကြီးနှင့်အတူ ရဲခင်းဒဏ်ချက်ဖြင့် ပေါက်သွားသော အပေါက်ကြီးမှ လက်ကြီးတစ်ဘက် ပေါ်ထွက်လာတော့သည်။ လက်သည်းချွန်ကြီးများနှင့် ခြောက်ကပ်ကပ် မသတီချင်စရာလက်ကြီးက အတွင်းမှတံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ဖို့ကြိုးစားလာခြင်းပင်။ စိုင်းလင်းလက်ထဲမှ ရဲခင်းက မြောက်တက်သွားတော့သည်။

'ကိုင်း..ကွာ..' 'ဒုတ်..'

'..ဂရား...ဂီး...'

လက်ခနဲဖြစ်သွားသော ရဲခင်းအရောင်။

လက်ကြီးအပေါ် တည့်တည့်မတ်မတ်ကြီးကျသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ခနဲ မြည်သံကြီးအဆုံး နာကျင် စွာ အော်ဟစ်လိုက်သော- အသံကြီးက လိပ်ပြာ လွင့်သွားလောက်အောင် ကြောက်မက်ဖွယ် ထွက်ပေါ်သွားတော့သည်။ ရဲဒင်းအသွားနှင့် ခုတ်ဖြတ်ခြင်းခံ လိုက်ရသော လက်ကြီးကလည်း သွေးများဖေါက်တောက်ပန်း ထွက်သွားကာ တွဲလောင်းကြီးဖြစ်သွားသည်။ စိုင်းလင်းက တွဲလောင်းကြီးဖြစ်နေဆဲရှိသေးသော လက်ကြီးကို နောက်တစ်ကြိမ် လက်ထဲမှ ရဲဒင်းဖြင့် အားကုန်ခုတ်ဖြတ်လိုက်ပြန်သည်။

ဝိုး...ဒုတ်...

သည်တစ်ခါတော့ လက်ကြီးလုံးဝ ပြတ်တောက်သွားကာ ဒုတိယ အကြိမ်ညည်းညူ လိုက်သော အသံကြီးကလည်း အုလှုပ် သဲလှုပ် ထွက်ပေါ်သွားပြန်သည်။ ကြမ်းပြင်ထက်၌ သွေးဖေါက် တောက်ပန်းထွက်နေသော လက်ကြီးက တဆတ်ဆတ်ခုန်နေလေ သည်။

'အောင်ခန့်..ပြေး...ပြေး..'

စိုင်းလင်းက သွေးများပေကျံနေသော ရဲဒင်းကြီးကိုကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပြုံးကြောင်နေသော အောင်ခန့်လက်ကိုဆွဲပြီး နောက်ပြန်လှည့်ပြေးတော့သည်။ ထို့နောက်မှာတော့ စိုင်းလင်းနှင့်အောင်ခန့်တို့နှစ်ဦးသား ဇော်ရဲနှင့်ရှူးရှူးတို့ ထွက်ပြေးခဲ့ကြသော ပွင့်နေသည့်ပြတင်းပေါက်မှ အပြင်ဘက်သို့ ခုန်ချလိုက် ကြလေတော့သည်။

စိုင်းလင်းနှင့်အောင်ခန့်တို့ အခန်းအပြင်ဘက်သို့ ကျသွားပြီး ပြန်မထနိုင်မီပင် သူတို့အတွက် ထိတ်လန့်စရာမြင်ကွင်းက ဆီးကြိုနေပြန်သည်။

'အား..အ..ကယ်..ကယ်ပါဦး..စိုင်း..စိုင်းလင်း'

ကြမ်းပြင်တစ်နေရာ၌ ရှူးရှူးမှာ ပုံလျှက်လဲကျနေပြီး ဇော်ရဲမှ တစ္ဆေကောင်ကြီးတစ်ကောင်လက်ထဲ၌ ယက်ကန်ယက်ကန် ဖြစ်နေလေသည်။ သူတို့တစ်သက်နှင့်တစ်ကိုယ် မီဒီယာများထဲ၌သာ မြင်ဖူးခဲ့ သော မျက်လုံးဟောက်ပက်



www.burmeseclassic.com

www.burmeseclassic.com



မိမ်းဖန့်ဖန့်မျက်လုံးကြီးများနှင့် တစ္ဆေကောင်ကြီးက အော်ကာလီ ဆန်ဖွယ် သူ့ပါးစပ်မည်းမည်းကြီးကို အသားကုန်ဖြဲဟကာ လက်ထဲမှ ဓော်ရဲကို မှန်းတီးစွာကြည့်နေလေသည်။ မညီမညာနှင့် ထိုးထိုးထောင်ထောင် ထွက်နေသော အစွယ်ဖွေးဖွေးကြီးများက လည်း တကာယ်ကို အသည်းယားစဖွယ်။

တစ္ဆေကောင်ကြီးက သူတို့နှစ်ဦးကို ဂရုပင်မစိုက်ဘဲ ပါးစပ်ထဲမှ မည်းမည်းပျစ်ပျစ် သွေးပုတ်များစီးကျနေကာ တအင်း အင်းညည်းရင်း လည်ပင်းနေရာကိုကိုင်ပြီး မြှောက်ထားသော သူ့သားကောင်ဓော်ရဲဆီသို့သာ စိတ်ရောက်နေသည်။

စိုင်းလင်းက နေရာမှ လူးလဲထပြီး ရဲဒင်းကြီးကို အသင့် ကိုင်ကာ မကြောက်မရွံ့ တစ္ဆေကောင်ကြီးနောက်ကျောသို့ ပြေးသွား တော့သည်။ အဲဒီနောက်မှာတော့ စိုင်းလင်းက တစ္ဆေကောင်ကြီး၏ နောက်ကျောကို လက်ထဲမှ ရဲဒင်းကြီးဖြင့် အားကုန်လွှဲ၍ ခုတ်လိုက် တော့သည်။

'ဒုတ်..' 'အူး..'



www.burmeseclassic.com

www.burmeseclassic.com



ရဲခင်းအသွားကြီးက တစ္ဆေကောင်ကြီး၏နောက်ကျောတွင် တစ်ဆုံးနစ်ဝင်သွားပြီး၊ ကျောကြီးကော့သွားကာ နာကျင်စွာ အော်ဟာစ်ပြီး လက်ထဲမှ ဓော်ရဲကို လွှတ်ချပစ်လိုက်သည်။

'အ··အဟွတ်··အဟွတ်'

ကြမ်းပြင်ပေါ်သို့ ပုံလျက်ကျသွားသော ဓော်ရဲ သွေးလည်ပင်းကို လက်ဖြင့်ပွတ်ကိုင်ပြီး တဟွတ်ဟွတ်ချောင်းဆိုးနေသည်။ တစ္ဆေကောင်ကြီးက ဒေါမာန်တကြီးဖြင့် ညည်းငွေ့အော်ဟာစ်ရင်း နောက်မှ စိုင်းလင်းဘက်သို့ လှည့်သွားသည်။ စိုင်းလင်းလက်ထဲမှ ရဲခင်းလွတ်ကျသွားပြီဖြစ်၍ တစ္ဆေကောင်ကြီးကို ထိတ်လန့်တကြားကြောင်ပြီး ကြည့်နေမိသည်။

'ဖြောင်း··' 'ဂါး··'

အောင်ခန့်၏ရိုက်ချက်ကြောင့် တစ္ဆေကောင်ကြီး၏ ကျောတွင် စိုက်ဝင်နေသော ရဲခင်းကြီးပါပြုတ်ကျသွားကာ ထိုမှာလည်း တစ်စစီဖြစ် သွားလေသည်။ တစ္ဆေကောင်ကြီး စူးဝါး နာကျင်စွာ အော်ဟာစ်၍ အောင်ခန့်၏လည်မြို့ကို ဖမ်းညှစ်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'အ..အစ်...အစ်..'

အောင်ခန့် မျက်လုံးများပြူးထွက်ကာ တစ္ဆေကောင်ကြီး လက်မှလွတ်ရန် အသည်းအသန် ရုန်းကန်နေရှာသည်။ ထိုခဏ တွင်ပင် အလူးအလဲထလာသော ဇော်ရဲက ကြမ်းပြင်ထက်တွင် ကျနေသောရဲဒင်းကြီးကို ရုတ်တရက်ကောက်ယူ၍ တစ္ဆေကောင် ကြီး၏ ဦးခေါင်းပိုင်းကို အသားကုန်လွှဲ ခုတ်ပစ်လိုက်လေသည်။ ရဲဒင်းအသွားက တစ္ဆေကောင်ကြီး၏ လည်ပင်းနေရာကို ဒုတ်ခနဲ ဖြတ်ကျော်သွားပြီး ဦးခေါင်းကြီး လိမ့်ထွက်သွားတော့၏။

တစ္ဆေကောင်ကြီး၏ ကိုယ်ခန္ဓာလည်း ပြတ်ကြီးမှ ဝေါခနဲ ပန်းထွက်လာသော ပုတ်အဲ့ညှီစို့သော သွေးများက ဇော်ရဲမျက်နှာနှင့် တစ်ကိုယ်လုံးကို ရွှဲနစ်သွားစေတော့သည်။ ဇော်ရဲ နောက်တစ်ချက် ခုတ်ရန် ရဲဒင်းကို ရွယ်လိုက်ဆဲပင် တစ္ဆေကောင်ကြီး၏ ခန္ဓာ ကိုယ်ကြီးက တဆတ်ဆတ်တုန်နေရာမှ ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ လဲကျကာ ငြိမ်သက်သွားတော့သည်။ ထိုအခါမှ ဇော်ရဲ တင်းထား



www.burmeseclassic.com

www.burmeseclassic.com



သောစိတ်ကို လျှော့လိုက်ကာ လက်ထဲမှရဲဒင်းအောက်သို့ ကျသွားပြီး၊ ဒူးညွတ်ကျသွားလေတော့သည်။ ထိုအချိန် စိုင်းလင်းက လဲကျနေသော ရှုးရှုးထံ ပြေးသွားကာ လှုပ်နိုးနေသည်။

'ရှုးရှုး...ရှုးရှုး...ဟဲ့ မိရှုး..'

'အင်...'

ရှုးရှုး မျက်လုံးအကြောင်သားဖြင့် ပြန်သတိရလာသည်။

'ဟင်..စိုင်း..စိုင်း..လင်း..ဟို အကောင်ကြီးနဲ့ ဇော်ရဲကော..'

ရှုးရှုး ထိတ်လန့်တကြားဖြင့် အမောတကောမေးလာသည်။

'ရှိပါတယ်ဟာ..ဇော်ရဲ ဘာမှမဖြစ်ဘူး..ထ..မြန်မြန်..ထ.. ငါတို့ ဒီအိမ်ကြီးထဲက အမြန်ဆုံး အပြင်ထွက်ပြေးကြမှ ဖြစ်မယ်'

စိုင်းလင်းက ရှုးရှုးကိုပြောကာ ခွဲထုရင်း ဇော်ရဲနှင့် အောင်ခန့်တို့ နှစ်ဦးဘက်သို့လည်း ပြောရန်ကြည့်လိုက်မိသည်။ အဲဒီအချိန်မှာပဲ..

ဒူးထောက်ပြီး သွေးရှုံသားနှင့်မောနေသည့် ဇော်ရဲနောက်



www.burmeseclassic.com

www.burmeseclassic.com



မှ တဖြည်းဖြည်းလျှောက်လာနေသော ဂါဝန်ရှည်ကြီးဖားလျားနှင့် တစ္ဆေမတစ်ကောင်ကို သူအံ့ဩစိုးရိမ်စွာ မြင်လိုက်ရလေသည်။ တစ္ဆေမရဲ့လက်ထဲမှာက သံချွန်ရှည်ကြီးတစ်ခုနဲ့ရယ်လေ။

'ဟာ··ဇော်ရဲ နောက်မှာ··သတိထား··'

စိုင်းလင်း သတိပေးအော်လိုက်သံအဆုံး ဇော်ရဲကလည်း ကြောင်တက်စွာ နောက်သို့လှည့်ကြည့်လိုက်လေ၏။ ထိုစဉ်မှာပင် တစ္ဆေမ၏လက်ထဲက သံချွန်ကြီးက ဝဲပျံလာပြီး··

'ဖွပ်··' 'အ··'

'ဟာ··ဇော်ရဲ··' 'အောင်မလေး··'

သူ့ရင်ဘတ်မှတဆင့် ထုတ်ချင်းခတ်ဖောက်ဝင်သွားသော သံချွန်ကြီးကို ဇော်ရဲအံ့ဩပြူးကြောင်စွာ ငုံ့ကြည့်နေမိလေသည်။ ပြီးမှ သူထိတ်လန့်တကြားဖြင့် အော်ဟစ်ရန် ပါးစပ်ဟလိုက်တော့ အသံထွက်ပေါ်မလာတော့ဘဲ သွေးများသာ ပွက်ခနဲအန်ထွက်လာပြီး ဘေးစောင်းလဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


သူတို့မျက်စိရှေ့တွင်ပင် သူငယ်ချင်းဖြစ်သူဇော်ရဲ၏ အဖြစ်ဆိုးကို မြင်တွေ့လိုက်ကြရသော်လည်း သူတို့အဖို့ ဘာမှမတတ်နိုင်တော့။

အဲဒီအချိန် သူတို့ဆီ ညည်းသံကြီးဖြင့် တရွေ့ရွေ့လျှောက်လာနေသော တစ္ဆေမ၏နောက်မှ တစ္ဆေကောင်ကြီးနှစ်ကောင်နောက်မှထပ်၍ ပေါ်လာခြင်းကြောင့်ပါပေ။

'စိုင်းလင်း..ဖူးဖူး..ပြေး..ပြေး..'

အောင်ခန့် သူ့သူငယ်ချင်းနှစ်ယောက်ကို သတိပေးရန် အပြင်ဘက် စကြံ လမ်းအတိုင်း ပြေးထွက်ခဲ့တော့သည်။ သူ့နောက်မှ အသည်းအသန်ပြေး လိုက်လာကြသော စိုင်းလင်းနဲ့ ဖူးဖူးကိုလည်း မြင်လိုက်ရသည်။ နောက်မှ ပြေးလိုက်လာသော စိုင်းလင်းက အောင်ခန့်ကိုအော်၍ သတိပေးသည်။

'အောင်ခန့်..ဘယ်မှမချိုးနဲ့၊ တည့်တည့်ပြေး.. အပေါက်ကရှေ့မှာ'

မည်သို့ဖြစ်သည်မသိ သူတို့ဝင်လာခဲ့စဉ် မြေကြီးက


www.burmeseclassic.com

www.burmeseclassic.com



ဤမျှကျယ်ဝန်းခြင်းမရှိပါဘဲနှင့် ယခုမှ အခန်းပေါင်းများစွာနှင့် ဧည့်ခန်းတံခါးမကြီးကို ရှာဖွေ၍မရ ဖြစ်နေလေသည်။

ထိုအခိုက် ရှေ့မှပြေးနေသော အောင်ခန့် ရုတ်တရက် ခြေလှမ်းများ ရပ်တန့်သွားကာ လက်ယာဘက် အခန်းတစ်ခုတွင်း ငေးကြည့်နေလေသည်။

'ဘာဖြစ်တာလဲ အောင်ခန့်..ဆက်..ဆက်ပြေးလေ'

စိုင်းလင်းက နောက်ပြန်လှည့်ကြည့်ရင်း ကြောင်တောင်တောင်ဖြစ်နေသော အောင်ခန့်ကို တွန်းထိုးကာ ပြောလိုက်သည်။ ထူးဆန်းစွာဖြင့် အောင်ခန့်က သူပြောသည်ကို ဂရုမစိုက်ဘဲ၊ အခန်းကြီးအတွင်းသာ ငေးကြည့်မြဲငေးကြည့်နေသည်။ စိုင်းလင်းနှင့်ဖူးဖူးတို့ အောင်ခန့် ငေးကြည့်နေသည့် အခန်းကြီးအတွင်း လိုက်ကြည့်လိုက်မိကြသည်။ ဘာမှမရှိ။ အခန်းလွတ် ဟောခန်းကြီးသာ ဖြစ်သည်။ ထိုအချိန် အောင်ခန့်မျက်စိထဲ၌မူ သူတို့နှစ်ယောက်လိုမဟုတ်။ သူ့မျက်စိထဲ၌ မွေးနေ့ပါတီပွဲတစ်ခုကဲ့သို့ လှပစွာပြင်ဆင်ထားသော အခန်းကြီးတစ်ခုဖြစ်နေ၍ အံ့သြစွာ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေမိခြင်း ဖြစ်လေသည်။ ပြီးတော့ ရောင်စုံပန်းဆိုင်းများ၊ အော်တိုမက်တစ် မီးရောင်စုံတွဲများဖြင့် လှပနေသော အခန်းကြီးက သူ့စိတ်ကို ဆွဲဆောင်နေသလိုလည်း ခံစားနေရလေသည်။ ထို အခိုက် သူ့နှားထဲတွင် ခိုးခိုးခစ်ခစ်ရယ်သံတစ်ခုကို ကြားလိုက်ရပြီး၊ သူတို့အရွယ် မွေးနေ့ဂါဝန်အဖြူကြီးကို ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ကို ခန်းမအလယ်တွင် အံ့သြစွာတွေ့မြင် လိုက်ရလေသည်။ ရွှေရောင်တောက်နေသော ဆံပင်နွယ်ခွေများနှင့် မိန်းကလေး၏အသားက ပန်းနုရောင်ဖွေးနုနေသည်။ ပြီးတော့ သူ့ကို လှုံ့ဆော်ဆွဲဆောင်အား ကောင်းလှသော မျက်ဝန်းပြာကြီးများဖြင့် ကြည့်နေလေသည်။

'တော်တော်လှပတဲ့ မိန်းကလေးပဲ·· မြန်မာမိန်းကလေး တစ်ယောက်တော့ မဟုတ်လောက်ဘူး' ဟု အောင်ခန့် တွေးနေမိ သည်။ ထိုအခိုက် မိန်းကလေးက သူ့ကိုဖိတ်ခေါ်နေသော အကြည့် မျိုးဖြင့် ကြည့်၍··

'ဟင်း··ဟင်း··လာလေ··ဘာငေးပုပ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ မျက်ဝန်းပြာကြီး၏ ဆွဲအားကို သူ မလွန်ဆန်နိုင်ဘဲဖြစ်လာသည်။ ထိုအချိန်သူ့နောက်တွင် စိုင်းလင်းနှင့်ဖူးဖူးတို့နှစ်ဦးလည်း မရှိကြတော့။

'လာခဲ့ပါဆို‥ဘာလုပ်နေတာလဲ၊ ဟင်း‥ဟင်း'

မိန်းကလေး၏ ချိုလွင်ညင် သာ အသံကလေးနှင့် သူ့ကိုဖိတ်ခေါ်နေပြန်သည်။ သူ့ခြေလှမ်းများကလည်း အလိုလို အခန်းအတွင်းသို့ ခြေဦးလှည့်ပြီးသား ဖြစ်သွားလေတော့သည်။

မိန်းကလေးက သူ့ကို လက်ကမ်းပြီးကြိုလင့်နေသည်။ အောင့်ခန့် စပါးကြီးမြွေညှို့ထားသော သားကောင်တစ်ကောင်ပမာ မိန်းကလေး၏ လှပလွန်းသော မျက်နှာကို ငေးကြည့်ရင်း လျှောက်ဝင်သွားနေသည်။

'ဟင်း‥ဟင်း‥ခစ်‥ခစ်‥'

မိန်းကလေးထဲမှ သင်းပျံ့မွှေးကြိုင်သော အနံ့သင်းသင်းကလေးကိုပင် အောင်ခန့်ရနေရလေပြီ။ တဖြည်းဖြည်း မိန်းကလေးနှင့်သူ လက်တစ်ကမ်းအကွာအထိ ရောက်လာပြီဖြစ်သည်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာပဲ မိန်းကလေးက သူမ၏နွေးထွေးအိစက်သော လက်အစုံဖြင့် သူ့လက်နှစ်ဘက်ကို ဆွဲယူခြင်း ခံလိုက်ရတော့သည်။ အောင်ခန့် ရင်တွေတဒုန်းဒုန်းခုန်လာပြီး အလိုက်သင့်ပင် မိန်းကလေးကို ထွေးပွေ့ထားလိုက်တော့သည်။ သူ့ရင်ခွင်ကြားမှ မိန်းကလေးကလည်း အညိုရောင်မျက်တောင်ကော့ကြီးများကို မှေးစင်း၍ မျက်နှာလေးကို မော့၍ထားလေသည်။ သူမ၏ နှင်းဆီရောင် နှုတ်ခမ်းဖူးဖူးလေးကလည်း မဟာတဟာ။

အောင်ခန့် စိတ်ထိန်းနိုင်ခြင်းမရှိတော့ဘဲ အဲဒီနှင်းဆီရောင် နှုတ်ခမ်းဖူးဖူးလေးကို အငမ်းမရနမ်းရှိုက်ဖို့ ခေါင်းငုံ့လိုက်စဉ်မှာတော့..

သူမ၏မျက်လုံးများ ဖျတ်ခနဲပွင့်သွားလေသည်။ ပြီးတော့ ဆွဲမက်ဖွယ်ပြာပြာလဲ့လဲ့ မျက်လုံးလေးများမဟုတ်တော့ဘဲ ဝံပုလွေတစ်ကောင်၏ ရဲရဲနီနေသော မျက်လုံးကြီးများအဖြစ် ရုတ်တရက် ပြောင်းလဲသွားတော့သည်။

အောင်ခန့် အံ့ဩတကြီးဖြစ်နေဆဲ..မိန်းကလေး၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက‥

'အား‥'

အောင်ခန့် ထိတ်လန့်တကြားဖြင့် နောက်သို့ ရှန်းဖယ်ဖို့ ကြိုးစားလိုက်လေသည်။ သို့သော် သူအများကြီး နောက်ကျသွားရလေပြီ။ ထိုအချိန် မျက်တွင်းဟောက်ပက် အစွယ်ငေါငေါကြီးများဖြင့် ကြောက်မက်ဖွယ်မျက်နှာကြီးအဖြစ် ပြောင်းလဲသွားသော မိန်းကလေး၏လက်များက သူ့ကို သံကြိုးများသဖွယ် ခိုင်မာ တင်းကြပ်စွာ ချုပ်နှောင်ထားလေပြီတည်း။

'အား‥စိုင်း‥စိုင်းလင်းရေ‥ငါ့ကို ကယ်ပါဦး'

သူ ကြောက်လန့်တကြားဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက်သံအဆုံး မိန်းကလေး၏ အစွယ်ငေါငေါပါးစပ်ကြီးက သူ့လည်ပင်းကို ခွေးတစ်ကောင်ဟတ်သလို ကိုက်ဖောက်ပစ် လိုက်လေတော့သည်။

'အား‥‥'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

အောင်ခန့်၏ ထိတ်လန့်တကြားအော်သံသဲ့သဲ့ကြောင့် ပြေးနေသော စိုင်းလင်းနှင့်ဇူးဇူးကို ခြေလှမ်းများ တုန့်ခနဲရပ်တန့် သွားကြတော့သည်။

'စိုင်း··စိုင်းလင်း··အောင်ခန့်··အောင်ခန့် အော်သံမဟုတ်လား'

'ဟုတ်တယ်··ဒီကောင်ကို အခန်းရှေ့မှာ ကျန်ခဲ့ပြီး··တစ္ဆေကောင်တွေနဲ့တွေ့နေပြီလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



နူးနူး ငိုထားရလွန်းသဖြင့် မို့အစ်နေသော မျက်လုံးများဖြင့် စိုင်းလင်းကို မော့ကြည့်သည်။ သူတို့သူငယ်ချင်း ဖော်ရဲတစ်ယောက်ကတော့ဖြင့် သူတို့မျက်စိအောက်တွင်ပင် အဖြစ်ဆိုးကြီးဖြင့် ကိစ္စချောသွားလေပြီ၊ အခုလည်း အောင်ခန့်တစ်ယောက်..

စိုင်းလင်း စိတ်မဖြောင့်ဟန်ဖြင့် နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ သူ့အကြည့်က အခန်းတစ်ခုအတွင်းရှိ ကြီးမားလှသော ဘီရိုကြီးတစ်ခုဆီသို့ ရောက်သွားပြီး..

'နူးနူး..နင်..ဟိုဘီရိုကြီးထဲမှာ ခဏပုန်းနေ..ငါ..အောင်ခန့်ကို သွားပြန်ကြည့်လိုက်ဦးမယ်'

'ဖြစ်...ဖြစ်ပါ့မလား၊ ငါကြောက်တယ် စိုင်း..စိုင်းလင်း'

'ဟာ..နင်ကလည်း ငါပြောသလိုလုပ်စမ်းပါ..ငါ အခုချက်ချင်း ပြန်လာခဲ့မယ်..နင်သာ ဘီရိုထဲမှာ အသံမထွက်စေနဲ့'

စိုင်းလင်းက ပြောပြောဆိုဆို နူးနူးလက်ကိုဆွဲကာ အခန်းတွင်းရှိ ဘီရိုကြီးဆီသို့ ခေါ်ဆောင်သွားသည်။ ကံကောင်းထောက်မစွာ ဘီရိုကြီးက လူတစ်ယောက်ကောင်းစွာ ဝင်ပုန်းနိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘီရိုအလွတ်ကြီး ဖြစ်နေသည်။

'ကဲ..အထဲကို မြန်မြန်ဝင်..လုပ်..ရှူးရှူး အချိန်မရှိဘူး'

ရှူးရှူး ကြောက်လန့်လန့်ဖြင့် ဘီရိုကြီးထဲ ဝင်ရောက်လိုက်ရသည်။

'နင်..နင် မြန်မြန်ပြန်လာခဲ့နော်..စိုင်းလင်း'

'အေးပါ..နင်သာ အထဲမှာ လုံးဝအသံမထွက်စေနဲ့..ငြိမ်ငြိမ်လေးထိုင်နေ..ငါ အခုချက်ချင်း ပြန်လာခဲ့မယ်'

စိုင်းလင်းကပြောပြီး ဘီရိုတံခါးကို ဆွဲပိတ်လိုက်သည်။ ရှူးရှူး အမှောင်ထုအတွင်း ထိတ်ထိတ်လန့်လန့်ဖြင့် မျက်လုံးနှစ်လုံးကို မှိတ်ထားလိုက်တော့သည်။ ပြီးတော့ တတ်သမျှမှတ်သမျှ ဘုရားစာများကိုလည်း စိတ်ထဲမှ ဆိုနေမိသည်။

ခဏအကြာ အခန်းအပြင်ဘက်သို့ ထွက်သွားသော စိုင်းလင်း၏ ခြေသံနှင့်အတူ အမှောင်ထုကြီးအတွင်း၌ ခြောက်ခြားဖွယ် တိတ်ဆိတ်ငြိမ် သက်မှုကြီးက စိုးမိုးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်း ဖူးဖူးအား ဘီရိုကြီးအတွင်းဝှက်ခဲ့ပြီး အောင်ခန့်အသံ ကြားရာဘက်ဆီသို့ သတိဖြင့် လျှောက်လာခဲ့သည်။ ပြီးမှ အခုချိန် သူ့လက်ထဲ၌ ဘာလက်နက်မှ မရှိမှန်း စဉ်းစားမိလိုက်သည်။ သည်အချိန် သူ့မှာလက်နက်တစ်ခုခု ရှိမနေ၍မဖြစ်။

စိုင်းလင်း တဖြည်းဖြည်းချင်းလျှောက်လာရင်း အခန်းထောင့်တစ်ခုမှ သံရေပိုက်ခေါင်းတစ်ခုကို သွားမြင်မိသည်။ သူ့ ရေပိုက်ခေါင်းဆီလျှောက်လာပြီ သံရေပိုက်လုံးကို အားပြုကာ ဆွဲကြည့်လိုက်သည်။ ကံအားလျော်စွာပင် သံချေးတက်ကာ ဆွေးမြေ့နေသော သံပိုက်လုံး အဆက်တစ်နေရာက ပြုတ်ထွက်သွားလေသည်။ သူ့လက်ထဲပါလာသော သံပိုက်လုံးအကျိုးကို တစ်ချက်ဆကြည့်လိုက်သည်။ ဒါဆို သူ့အတွက် လက်နက်ကောင်းတစ်ခုဖြစ်သွားလေပြီ။ စိုင်းလင်းလက်ထဲမှ သံပိုက်လုံးကို အသင့်ကိုင်ရင်း အောင်ခန့်ကျန်နေခဲ့သော အခန်းဘက်ဆီသို့ သတိဖြင့် လျှောက်လာခဲ့သည်။

သူ အခန်းရှေ့သို့ရောက်သည်နှင့် အခန်းအလယ်တွင် လဲ



www.burmeseclassic.com

www.burmeseclassic.com



ကျနေသော အောင်ခန့်ကို မြင်တွေ့လိုက်ရလေတော့သည်။

'အောင်ခန့်'

စိုင်းလင်း အောင်ခန့်ထံသို့ စိုးရိမ်တကြီးဖြင့် ပြေးသွား

လိုက်သည်။ သွေးအိုင်ထဲတွင် လဲနေသော အောင်ခန့်ထံမှ ညည်း

ညူးသံသဲ့သဲ့ကို သူကြားလိုက်ရသည်။

'အောင်ခန့်..အောင်ခန့်'

စိုင်းလင်း လဲကျနေသော သူငယ်ချင်းဖြစ်သူ အောင်ခန့်ကို

ဆွဲယူကာပွေ့လိုက်သည်။ အောင်ခန့်၏လည်ပင်းနေရာမှ လက်သီး

ဆုပ်ခန့် အပေါက်ကြီးတစ်ခုကို သူထိတ်လန့်စွာ တွေ့မြင်လိုက်ရ

လေတော့သည်။

'ဟာ...'

အဲဒီအချိန်မှာပဲ မှိတ်နေတဲ့ အောင်ခန့်ရဲ့ မျက်လုံးတွေက

ဖျတ်ကနဲ ပွင့်လာတော့သည်။ ပြီးတော့ ချက်ချင်းပင် အောင်ခန့်၏

မျက်နှာကြီးက ကြောက်မက်ဖွယ်ဘုကြီးများ ဟိုမှသည်မှ ထွက်

လာကြလျှက် စပ်ဖြဲဖြဲအမူအယာမျိုးဖြင့်..



www.burmeseclassic.com

www.burmeseclassic.com



'ဟီး..ဟီး..ဟီ..ငါ့အတွက် အရမ်းစိုးရိမ်သွားသလား ကွ.. စိုင်းလင်း'

စိုင်းလင်း ထိတ်လန့်တကြားဖြင့် အောင်ခန့်ကို ပွေ့ထား ရာမှ ဝုန်းခနဲ လွှတ်ချမိလိုက်တော့သည်။

အနီရောင်တောက်နေသော မျက်လုံးနီကြီးများဖြင့် ကြောက် မက်ဖွယ် အောင်ခန့်မျက်နှာကြီးက အပြုံးမပျက်ဘဲ..

'ဟီး..ဟီး..ရက်စက်လှချည့်လား..သူငယ်ချင်းရာ.. တို့တွေ သည်အိမ်ကြီးမှာ ပျော်ပျော်ပါးပါး နေကြမယ်လေကွာ.. ဟီး..ဟီး'

တဟီးဟီးရယ်မောရင်း အောင်ခန့်၏ ခန္ဓာကိုယ်ကြီးက ကုန်းကုန်းကွကွဖြင့် ထလာလေသည်။ ပြီးတော့ သူ့လက်ကြီး နှစ်ဘက်ကို ဆန့်တန်းရင်းဖြင့်..

'ဟီးဟီး..လာပါကွ သူငယ်ချင်းရ..မင်း ငါတို့နဲ့အတူ နေကြရအောင်ပါကွ..ဟီးဟီး..'

စိုင်းလင်း ထိတ်လန့်အံ့ဩခြင်းကြီးစွာဖြင့် နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်လှမ်းမျှ ဆုတ်လိုက်မိသည်။ ဟင်..အောင်ခန့်လက်ကြီး တွေက လက်သည်းရှည်ကြီးတွေနဲ့ပါလား။ ဒါဆို..ဒီကောင်.. ဒီကောင်..

စိုင်းလင်းလက်ထဲမှ သံပိုက်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း လည်ပင်းအပေါက်ကြီးနှင့် ကြောက်မက်ဖွယ် အောင်ခန့်၏တစ္ဆေမျက်နှာကြီးကို အံ့သြစွာကြည့်နေမိသည်။

'ဟီးဟီး..လာပါကွ..စိုင်းလင်းရ'

'မင်း..မင်း ရှေ့မတိုးခဲ့နဲ့နော်..'

'ဟီးဟီး..လာ..လာပါကွ..'

စိုင်းလင်း သူငယ်ချင်းဟူသော သံယောဇဉ်ကိုဖြတ်ကာ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်တော့သည်။

'မင်း..ငါ့အနား ကပ်မလာနဲ့နော်'

'ဟား..ဟား..ဟီးဟီး..'

ကြောက်မက်ဖွယ် တစ္ဆေမျက်နှာကြီးနှင့် အောင်ခန့်၏ ခြေလှမ်းကြီးများက ရပ်မသွား။



www.burmeseclassic.com

www.burmeseclassic.com



'ပြော..ပြောမရဘူးလား..ကိုင်းကွာ..'

စိုင်းလင်းလက်ထဲမှ သံပိုက်လုံးဖြင့် ဆန့်တန်းလာနေသော အောင်ခန့်၏လက်ကြီးနှစ်ဘက်ကို ဖြတ်ရိုက်ချလိုက်တော့သည်။

'ဖြောင်း..' 'ဂျွတ်..'

အောင်ခန့်လက်ကြီးများမှ အရိုးကျိုးသွားသံများကို သူ အပီအပြင် ကြားလိုက်ရပြီး လက်ကြီးနှစ်ဘက်စလုံး တွဲလောင်း ကျသွားလေတော့သည်။ သို့သော် အောင်ခန့်၏ တစ္ဆေမျက်နှာ ကြီးက နာကျင်ဟန်မပြဘဲ..

'ဟီးဟီး..လာပါကွ..မင်းကလည်း..ဟား..ဟား..'

ထိတ်လန့်ဖွယ် ရယ်သံကြီးအဆုံး စိုင်းလင်း မျက်စိကို စုံမှိတ်ကာ သူ့ထံတရွေ့ရွေ့ တိုးလာနေသော အောင်ခန့်အား လက်ထဲမှ သံပိုက်လုံးဖြင့် အားကုန် ဆင့်၍ဆင့်၍ ရိုက်ပစ် လိုက်လေတော့သည်။

'ဖြောင်း..ဖြောင်း..'

'အုး..'



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်း ကြောက်ကြောက်လန့်လန့်ဖြင့် လဲကျသွားသည်အထိ အရိုက်မရပ်တော့။ သည်ကြားထဲ သွေးအလူးလူးဖြင့် မျက်နှာကြီးက ထောင်၍ ထလာသေး၏။ စိုင်းလင်း လက်ပန်းကျသည်အထိ မျက်စိကို စုံမှိတ်ကာ ရိုက်နက်နေသည်။ အောင်ခန့် မျက်နှာကြီးမှ စင်ထွက်လာသော သွေးများကလည်း သူ့ကိုယ်ပေါ်တွင် ဖွားလံနေတော့သည်။ နောက်ထပ် လုံးဝလှုပ်ရှားခြင်းမရှိတော့ဘဲ ငြိမ်သက်သွားမှ သူ အရိုက်ကို ရပ်လိုက်တော့သည်။

အဲဒီအချိန် ကြောက်မက်ဖွယ် အောင်ခန့်၏ တစ္ဆေမျက်နှာကြီးက သရက်သီးစိမ်းတစ်လုံးအား တူနှင့်ထုထားသလို သွေးအလိမ်းလိမ်းဖြင့် ရုပ်မပီပြင်တော့ဘဲ ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ဖူးဖူး ဘီရိုထဲတွင် ထိုင်နေရသည်မှာ တစ်ကမ္ဘာလောက်ကြာနေသည်ဟု အောက်မေ့မိသည်။ ကြောက်ရွံ့ထိတ်လန့်လွန်း၍လည်း အသံမထွက်ရဲ။ အသံထွက်မည်စိုးသဖြင့် ခန္ဓာကိုယ်ကို မလှုပ်ရဲ၍လည်း တစ်ကိုယ်လုံး ညောင်းညာလျက်ရှိနေ၏။ သူမ အခုမှ ဖေဖေနှင့်အမေကို တမ်းတကာ အသံမထွက်ဘဲ ကြိတ်ငိုမိလေသည်။ သူမတို့၏ မိုက်မဲမှုကြောင့် သူငယ်ချင်းတစ်ယောက်လည်း အသက်ဆုံးရှုံးရလေပြီ။ အခု စိုင်းလင်းနှင့် အောင်ခန့်တို့နှစ်ဦးလည်း ဘယ်လိုအခြေအနေဖြစ်နေကြသည် မသိ။ နောက်ပြီး သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com


တိုင်ရော••

တွေးရင်းဖြင့် ဖူးဖူး ထိတ်လန့်အားငယ်လာကာ လူတစ်ကိုယ်လုံး ပျော့ခွေညွတ်ကျတော့မလို ဖြစ်လာလေသည်။

ထိုအချိန်တွင်ပင် သူမ ခြေသံတစ်ခုကို စတင်ကြားလိုက်ရလေတော့သည်။

'ဘယ်သူများပါလိမ့်••စိုင်းလင်း ပြန်လာတာများလား••ဟင်•• နေဦး••စိုင်းလင်းဆိုရင် သူဘာလို့ အသံမပေးရမလဲ၊ ဘုရား••ဘုရား•• တစ္ဆေကောင်တစ်ကောင်များ သူမအနီးသို့ရောက်လာခြင်းလား'

ခြေသံက တစ်စ,တစ်စဖြင့် သူမနှင့်နီးကပ်လာလေသည်။ ငါ ဘာလုပ်ရမလဲဟု စဉ်းစားရင်း သူမခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ရင် လာတော့သည်။ အဲဒီအချိန်မှာပဲ••

'ဝုန်း••'

'အောင်မလေး••'

ခွဲဖွင့်လိုက်သော ဘီရိုအသံနှင့်အတူ ထွက်ပေါ်လာသော


www.burmeseclassic.com

www.burmeseclassic.com


မြင်ကွင်း ကြောင့် ရှုးရှူးငယ်သံပါအောင် အော်လိုက်မိတော့သည်။ သူမနှင့် မျက်နှာချင်းဆိုင် ဘီရိုကြီးရှေ့မှဟော့ တစ်ကိုယ်လုံး သွေးအရွဲသားနဲ့ စိုင်းလင်းက မျက်လုံးကြီးအပြူးသားဖြင့် ရပ်နေလေသည်။ သူ့လက်ထဲတွင်လည်း သွေးများ ပေကျံနေသည့် သံပိုက်လုံးကြီး ကိုင်ဆွဲထားလေသည်။

'ရှုးရှူး..ငါ..ငါပါဟ..နင်ကလည်း..'

'နင်..နင်..သွေးတွေနဲ့၊ ဘာ..ဘာဖြစ်လာတာလဲ'

'ငါ ဘာမှမဖြစ်ဘူး..ဟို..ဟိုကောင် အောင်ခန့်'

စိုင်းလင်းက ထိတ်လန့်မှု မပြေသေးသော အသံတုန်ကြီး ဖြင့် အောင်ခန့်အဖြစ်အပျက်ကို ခပ်မြန်မြန်ပြောပြလိုက်သည်။ ရှုးရှူးမျက်နှာမှာလည်း စိုင်းလင်းပြောပြနေသည်ကို နားထောင်ရင်း အံ့ဩထိတ်လန့်လွန်း၍ ဖြူဖွေးနေလေသည်။

'အဲဒါပဲ ရှုးရှူး..ကျန်နေတဲ့ တို့နှစ်ယောက်လည်း ဒီအိမ်ကြီးထဲက အမြန်ဆုံးလွတ်မှဖြစ်မယ်..နို့မို့ဆို..'

စိုင်းလင်းက ပြောရင်းဖြင့် တစ်စုံတစ်ခုကို သတိရသွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် သူ့လက်ပတ်နာရီကို မြှောက်ကြည့်သည်။

'ဟာ..သုံးနာရီတောင် ခွဲပြီးပြီ..မကြာခင် မိုးလင်းတော့မယ်.. ကဲ..လာ..အချိန်မရှိတော့ဘူး ရှုးရှုး'

စိုင်းလင်းက သူ့မလက်ကိုဆွဲ၍ အခန်းကြီးအတွင်းမှ ပြေးထွက် ရန်ပြင်သည်။

အဲဒီအချိန်မှာပင်..

'စိုင်းလင်း..ရေ..' 'ရှုးရှုး..ရေ..'

အဝေးမှခပ်သဲ့သဲ့လွင့်မျောလာသော သူတို့နှစ်ယောက် နာမည်ခေါ်သံကို ကြားလိုက်ရလေတော့သည်။

နှစ်ယောက်သား အသံထွက်ပေါ်လာရာဘက်ဆီသို့ ဦးခေါင်းကို လှည့်ကာ နားစွင့်မိလိုက်ကြသည်။

'စိုင်းလင်းရေ..' 'ရှုးရှုး..ရေ'

ခေါ်သံက တဖြည်းဖြည်းပီပြင်လာလေသည်။

စိုင်းလင်းက အသံကို သေချာစွာနားစိုက်ထောင်ပြီး မျက်လုံးကြီး ပြူးသွားလေသည်။

သူရဲကောင်းဆာမေ

www.burmeseclassic.com

www.burmeseclassic.com



'ဟင်‥သေသေချာချာနားထောင်ကြည့်စမ်း ဖူးဖူး'

စိုင်းလင်း၏ထိတ်လန့်တကြားဟန်ပန်နှင့် စကားကြောင့် ဖူးဖူး လည်း သေချာစွာနားစိုက်ပြီး ထောင်ကြည့်မိလိုက်လေ၏။

'ဟင်'

သူမလည်း မျက်လုံးကလေးဝိုင်း၍သွားရလေတော့ပြီ။ အဘယ် ကြောင့်ဆိုမူ သူတို့နှစ်ဦးကြားနေရသောအသံမှာ သူတို့၏ သူငယ်ချင်း ဇော်ရဲ၏အသံဖြစ်နေခြင်းကြောင့်ပေတည်း။

ဖူးဖူးက အံ့ဩလွန်းသော မျက်လုံးများဖြင့် စိုင်းလင်း မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

'ဇော်‥ဇော်ရဲ မသေဘဲ‥ဒဏ်ရာကြီးနဲ့ ငါ‥ငါတို့နောက် လိုက်လာတာထင်တယ်‥စိုင်းလင်း'

စိုင်းလင်းလည်း ဇဝေဇဝါဖြစ်နေဟန်ရှိသည်။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'နင်အရူးလား ဖူးဖူး··ဒီလောက်ဒဏ်ရာကြီးနဲ့ ဇော်ရဲ မသေရအောင်'

ပြောနေရင်းမှ သူတစ်စုံတစ်ခုကို အမှတ်ရသွားလျက် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရလေတော့သည်။

ဇော်ရဲလည်း အောင်ခန့်လိုများဟူသော အတွေးက စိုင်းလင်းတစ်ကိုယ်လုံးကို တုန်လှုပ်သွားစေသည်။ သူလက်မှ နာရီကို တစ်ချက်ပြန်ကြည့်လိုက်သည်။ လေးနာရီထိုးရန် (၁၅) မိနစ်ခန့်မျှသာ လိုတော့လေ၏။ သည်(၁၅)မိနစ်အချိန်အတွင်း သူတို့နှစ်ယောက် သည်အိမ်ကြီးအတွင်းမှ မထွက်နိုင်ကြရင်·· စိုင်းလင်း ချက်ချင်းပင် ဖူးဖူး၏လက်ကိုဆွဲကာ အခန်းထဲမှ ပြေး ထွက်လာခဲ့တော့သည်။

'စိုင်းလင်း··ဟို··ဟို··ဇော်ရဲ'

'နင့်ပါးစပ်ပိတ်ထားစမ်း ဖူးဖူး··အဓိပ္ပါယ်မရှိတာတွေ လျှောက်တွေးမနေနဲ့တော့··အခုချိန်မှာ ငါတို့စဝင်လာခဲ့ကြတဲ့ တံခါးမကြီးပေါက်ကို ရောက်ဖို့ပဲ အရေးကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပြော..ပြောမရဘူးလား..ကိုင်းကွာ..'

စိုင်းလှင်းလက်ထဲမှ သံပိုက်လုံးဖြင့် ဆန့်တန်းလာနေသော အောင်ခန့်၏လက်ကြီးနှစ်ဘက်ကို ဖြတ်ရိုက်ချလိုက်တော့သည်။

'ဖြောင်း..' 'ဂျွတ်..'

အောင်ခန့်လက်ကြီးများမှ အရိုးကျိုးသွားသံများကို သူ အပီအပြင် ကြားလိုက်ရပြီး လက်ကြီးနှစ်ဘက်စလုံး တွဲလောင်း ကျသွားလေတော့သည်။ သို့သော် အောင်ခန့်၏ တစ္ဆေမျက်နှာ ကြီးက နာကျင်ဟန်မပြဘဲ..

'ဟီးဟီး..လာပါကွ..မင်းကလည်း..ဟား..ဟား..'

ထိတ်လန့်ဖွယ် ရယ်သံကြီးအဆုံး စိုင်းလှင်း မျက်စိကို စုံမှိတ်ကာ သူ့ထံတရွေ့ရွေ့ တိုးလာနေသော အောင်ခန့်အား လက်ထဲမှ သံပိုက်လုံးဖြင့် အားကုန် ဆင့်၍ဆင့်၍ ရိုက်ပစ် လိုက်လေတော့သည်။

'ဖြောင်း..ဖြောင်း..'

'အူး..'



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်း ကြောက်ကြောက်လန့်လန့်ဖြင့် လဲကျသွားသည်အထိ အရိုက်မရပ်တော့။ သည်ကြားထဲ သွေးအလူးလူးဖြင့် မျက်နှာကြီးက ထောင်၍ ထလာသေး၏။ စိုင်းလင်း လက်ပန်းကျသည်အထိ မျက်စိကို စုံမှိတ်ကာ ရိုက်နှက်နေသည်။ အောင်ခန့် မျက်နှာကြီးမှ စင်ထွက်လာသော သွေးများကလည်း သူ့ကိုယ်ပေါ်တွင် ဖွားလံနေတော့သည်။ နောက်ထပ် လုံးဝလှုပ်ရှားခြင်း မရှိတော့ဘဲ ငြိမ်သက်သွားမှ သူ အရိုက်ကို ရပ်လိုက်တော့သည်။

အဲဒီအချိန် ကြောက်မက်ဖွယ် အောင်ခန့်၏ တစ္ဆေမျက်နှာကြီးက သရက်သီးစိမ်းတစ်လုံးအား တူနှင့်ထုထားသလို သွေးအလိမ်းလိမ်းဖြင့် ရုပ်မပီပြင်တော့ဘဲ ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဖူးဖူး ဘီရိုထဲတွင် ထိုင်နေရသည်မှာ တစ်ကမ္ဘာလောက်ကြာနေသည်ဟု အောက်မေ့မိသည်။ ကြောက်ရွံ့ထိတ်လန့်လွန်း၍လည်း အသံမထွက်ရဲ။ အသံထွက်မည်စိုးသဖြင့် ခန္ဓာကိုယ်ကို မလှုပ်ရဲ၍လည်း တစ်ကိုယ်လုံး ညောင်းညာလျက်ရှိနေ၏။ သူမ အခုမှ ဖေဖေနှင့်အမေကို တမ်းတကာ အသံမထွက်ဘဲ ကြိတ်ငိုမိလေသည်။ သူမတို့၏ မိုက်မဲမှုကြောင့် သူငယ်ချင်းတစ်ယောက်လည်း အသက်ဆုံးရှုံးရလေပြီ။ အခု စိုင်းလင်းနှင့် အောင်ခန့်တို့နှစ်ဦးလည်း ဘယ်လိုအခြေအနေဖြစ်နေကြသည် မသိ။ နောက်ပြီး သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရော..

တွေးရင်းဖြင့် ဖူးဖူး ထိတ်လန့်အားငယ်လာကာ လူတစ်ကိုယ်လုံး ပျော့ခွေညွတ်ကျတော့မလို ဖြစ်လာလေသည်။

ထိုအချိန်တွင်ပင် သူမ ခြေသံတစ်ခုကို စတင်ကြားလိုက်ရလေတော့သည်။

'ဘယ်သူများပါလိမ့်..စိုင်းလင်း ပြန်လာတာများလား..ဟင်.. နေဦး..စိုင်းလင်းဆိုရင် သူဘာလို့ အသံမပေးရမလဲ၊ ဘုရား..ဘုရား.. တစ္ဆေကောင်တစ်ကောင်များ သူမအနီးသို့ ရောက်လာခြင်းလား'

ခြေသံက တစ်စ,တစ်စဖြင့် သူမနှင့်နီးကပ်လာလေသည်။ ငါ ဘာလုပ်ရမလဲဟု စဉ်းစားရင်း သူမခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ရင် လာတော့သည်။ အဲဒီအချိန်မှာပဲ.:

'ဝှန်း..'

'အောင်မလေး..'

ဆွဲဖွင့်လိုက်သော ဘီရိုအသံနှင့်အတူ ထွက်ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်း ကြောင့် ရှုးရှုးငယ်သံပါအောင် အော်လိုက်မိတော့သည်။ သူမနှင့် မျက်နှာချင်းဆိုင် ဘီရိုကြီးရှေ့မှပေါ့ တစ်ကိုယ်လုံး သွေးအရွဲသားနဲ့ စိုင်းလင်းက မျက်လုံးကြီးအပြူးသားဖြင့် ရပ်နေ လေသည်။ သူ့လက်ထဲတွင်လည်း သွေးများ ပေကျံနေသည့် သံပိုက်လုံးကြီး ကိုင်ဆွဲထားလေသည်။

'ရှုးရှူး‥ငါ‥ငါပါဟ‥နင်ကလည်း‥'

'နင်‥နင်‥သွေးတွေနဲ့၊ ဘာ‥ဘာဖြစ်လာတာလဲ'

'ငါ ဘာမှမဖြစ်ဘူး‥ဟို‥ဟိုကောင် အောင်ခန့်'

စိုင်းလင်းက ထိတ်လန့်မှု မပြေသေးသော အသံတုန်ကြီး ဖြင့် အောင်ခန့်အဖြစ်အပျက်ကို ခပ်မြန်မြန်ပြောပြလိုက်သည်။ ရှုးရှုးမျက်နှာမှာလည်း စိုင်းလင်းပြောပြနေသည်ကို နားထောင်ရင်း အံ့သြထိတ်လန့်လွန်း၍ ဖြူဖွေးနေလေသည်။

'အဲဒါပဲ ရှုးရှုး‥ကျန်နေတဲ့ တို့နှစ်ယောက်လည်း ဒီအိမ်ကြီးထဲက အမြန်ဆုံးလွတ်မှဖြစ်မယ်‥နို့မို့ဆို‥'

စိုင်းလင်းက ပြောရင်းဖြင့် တစ်စုံတစ်ခုကို သတိရသွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် သူ့လက်ပတ်နာရီကို မြှောက်ကြည့်သည်။

'ဟာ..သုံးနာရီတောင် ခွဲပြီးပြီ..မကြာခင် မိုးလင်းတော့မယ်... ကဲ..လာ..အချိန်မရှိတော့ဘူး ရူးရူး'

စိုင်းလင်းက သူမလက်ကိုဆွဲ၍ အခန်းကြီးအတွင်းမှ ပြေးထွက် ရန်ပြင်သည်။

အဲဒီအချိန်မှာပင်..

'စိုင်းလင်း..ရေ..' 'ရူးရူး..ရေ..'

အဝေးမှခပ်သဲ့သဲ့လွင့်မျောလာသော သူတို့နှစ်ယောက် နာမည်ခေါ်သံကို ကြားလိုက်ရလေတော့သည်။

နှစ်ယောက်သား အသံထွက်ပေါ်လာရာဘက်ဆီသို့ ဦးခေါင်းကို လှည့်ကာ နားစွင့်မိလိုက်ကြသည်။

'စိုင်းလင်းရေ..' 'ရူးရူး..ရေ'

ခေါ်သံက တဖြည်းဖြည်းပီပြင်လာလေသည်။

စိုင်းလင်းက အသံကို သေချာစွာနားစိုက်ထောင်ပြီး မျက်လုံးကြီး ပြူးသွားလေသည်။

သူရဲဇာတ်လမ်းအသေး

www.burmeseclassic.com

www.burmeseclassic.com



'ဟင်··သေသေချာချာနားထောင်ကြည့်စမ်း ရှူးရှူး'

စိုင်းလင်း၏ထိတ်လန့်တကြားဟန်ပန်နှင့် စကားကြောင့် ရှူးရှူး လည်း သေချာစွာနားစိုက်ပြီး ထောင်ကြည့်မိလိုက်လေ၏။

'ဟင်'

သူမလည်း မျက်လုံးကလေးဝိုင်း၍သွားရလေတော့ပြီ။ အဘယ် ကြောင့်ဆိုမူ သူတို့နှစ်ဦးကြားနေရသောအသံမှာ သူတို့၏ သူငယ်ချင်း ဇော်ရဲ၏အသံဖြစ်နေခြင်းကြောင့်ပေတည်း။

ရှူးရှူးက အံ့သြလွန်းသော မျက်လုံးများဖြင့် စိုင်းလင်း မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

'ဇော်··ဇော်ရဲ မသေဘဲ··ဒဏ်ရာကြီးနဲ့ ငါ··ငါတို့နောက် လိုက်လာတာထင်တယ်··စိုင်းလင်း'

စိုင်းလင်းလည်း ဇဝေဇဝါဖြစ်နေဟန်ရှိသည်။ ပြီးမှ···



www.burmeseclassic.com

www.burmeseclassic.com



'နင်အရှုံးလား ဖူးဖူး··ဒီလောက်ဒဏ်ရာကြီးနဲ့ ဇော်ရဲ မသေရအောင်'

ပြောနေရင်းမှ သူတစ်စုံတစ်ခုကို အမှတ်ရသွားလျက် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရလေတော့သည်။

ဇော်ရဲလည်း အောင်ခန့်လိုများဟူသော အတွေးက စိုင်းလင်းတစ်ကိုယ်လုံးကို တုန်လှုပ်သွားစေသည်။ သူလက်မှ နာရီကို တစ်ချက်ပြန်ကြည့်လိုက်သည်။ လေးနာရီထိုးရန် (၁၅) မိနစ်ခန့်မျှသာ လိုတော့လေ၏။ သည်(၁၅)မိနစ်အချိန်အတွင်း သူတို့နှစ်ယောက် သည်အိမ်ကြီးအတွင်းမှ မထွက်နိုင်ကြရင်·· စိုင်းလင်း ချက်ချင်းပင် ဖူးဖူး၏လက်ကိုဆွဲကာ အခန်းထဲမှ ပြေး ထွက်လာခဲ့တော့သည်။

'စိုင်းလင်း··ဟို··ဟို··ဇော်ရဲ'

'နင့်ပါးစပ်ပိတ်ထားစမ်း ဖူးဖူး··အဓိပ္ပါယ်မရှိတာတွေ လျှောက်တွေးမနေနဲ့တော့··အခုချိန်မှာ ငါတို့စဝင်လာခဲ့ကြတဲ့ တံခါးမကြီးပေါက်ကို ရောက်ဖို့ပဲ အရေးကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်းက သူမ၏လက်ကိုဆွဲပြီး စကြံ လမ်းအတိုင်း အားသွန်ကာ ပြေးနေသည်။

ထိုအခိုက် အခန်းထောင့်ချိုးကွေ့တစ်နေရာမှ တစ္ဆေ ကောင်ကြီးတစ်ကောင် ထွက်ပေါ်လာလျက် သူတို့သွားမည့်လမ်း ကို ဟန့်တားလာလေသည်။

'မကြောက်နဲ့ ရှုးရှူး··ငါ့လက်ကိုသာ မြဲမြဲဆွဲထား'

ပြေးရင်းမှ စိုင်းလင်းက သူမကို သတိပေးသည်။

သူမတို့နှစ်ယောက် တစ္ဆေကောင်ကြီးထံ တည့်တည့် ပြေးဝင်သွားကြပြီး စိုင်းလင်း၏ ညာဘက်လက်ထဲမှ သံပိုက်လုံး က မြှောက်တက်သွားတော့သည်။

'ဖြောင်း··' 'အူး··'

စိုင်းလင်း၏ရိုက်ချက်ကြောင့် တစ္ဆေကောင်ကြီး ယိုင် လဲသွားစဉ် သူတို့နှစ်ဦး တစ္ဆေကောင်ကြီးကို ဖြတ်ကျော်ကာ ရှေ့ဆက်ပြေးခဲ့ကြလေသည်။ ထိုစဉ် ပြေးရင်းမှ စိုင်းလင်း စိတ် ထဲတွင် မသင်္ကာသည်နှင့် နောက်ပြန်လှည့်ကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ..'

လက်သည်းချွန်ကြီးများ ဆန့်တန်း၍ လေထဲမှဝဲကာ လိုက်ပါလာသော ဖြူဖြူသဏ္ဍာန်ကြီးကို သူ အနီးကပ်မြင်တွေ့ လိုက်ရသည်။

'ရှူးရှူး..ဝပ်..ဝပ်စမ်း'

သူ ပြေးနေရင်းမှ ရှူးရှူးလက်ကိုပါဆွဲရင်း ဒိုင်ဘင်ပစ်၍ ဝပ်ချလိုက်ရတော့သည်။

ဂါဝန်အဖြူကြီးနှင့် တစ္ဆေမ ခန္ဓာကိုယ်ကြီးက သူတို့ နှစ်ဦးခေါင်းပေါ်မှ ဟောခနဲ ကျော်ဖြတ်သွားလေသည်။ သို့သော် သူတို့ဆက်ပြေး၍ မရအောင် တစ္ဆေမကြီးက စက္ကူရွက်ကလေး တစ်ရွက်လို ပေါ့ပါးစွာ လမ်းလယ်တွင် ရပ်တည်နေလေသည်။

စိုင်းလင်းလဲနေရာမှ လူးလဲကာထပြီး ချက်ချင်းပင် လက်ထဲမှ သံပိုက်လုံးကို လှံစွပ်သဖွယ်အသုံးပြုပြီး တစ္ဆေမကြီးထံ ပြေးဝင်သွားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ချက်ချင်းကြီးမို့ ပေါ့ပါးလွန်းသော တစ္ဆေမ ကြီးပင် ရှောင်ချိန်မရလိုက်တော့။

စိုင်းလင်းလက်ထဲမှ သံပိုက်လုံးကြီးက တစ္ဆေမကြီး၏ ဝမ်းဗိုက်ကို နောက်ကျောအထိ ထုတ်ချင်းပေါက် ထိုးဖောက်ကာ ဝင်သွားလေတော့သည်။ နာကျင်ထိတ်လန့်စွာ အော်ဟစ်လိုက်သော တစ္ဆေမကြီးအသံက အိမ်ကြီးအတွင်း ပဲ့တင်ထပ်သွားလေ တော့သည်။

စိုင်းလင်း မနားရဲသေး။ လဲကျနေသော ဖူးဖူးကို အတင်း ပြန်ဆွဲကာ ဆက်ပြေးသည်။ ပြေးရင်းမှ သူ့နာရီကို ကြည့်လိုက် တော့ လေးနာရီထိုးရန် (၁၀)မိနစ်ခန့်သာ လိုတော့ပေ၏။

ဖူးဖူးရောသူပါ ပွန်းပဲ့ရာများအပြင် ချွေးနှင့်ဖုန်မှုန့်များ အလိမ်းလိမ်းကြောင့် လူရုပ်မပေါက်ကြတော့။

မောဟိုက်လွန်းသဖြင့် သူတို့နှလုံးများ ပေါက်ကွဲထွက် တော့မတတ်လည်း ဖြစ်နေကြပေပြီ။

ဟိုစဉ် သူတို့ ရှေ့တည့်တည့်မှ သူတို့ဝင်လာခဲ့စဉ် ညော်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် မင်းတုံးချထားသည့် တံခါးမကြီးကို ဝမ်းမြောက်ဖွယ် တွေ့မြင်လိုက်ကြရလေတော့သည်။

စိုင်းလင်းက ဖူးရှူးလက်ကို မလွှတ်တမ်းဆွဲရင်း တံခါးမကြီးဆီသို့ အားကုန်ပြေးသွားသည်။ ထိုစဉ်မှာပင်..

'အ..စိုင်း..စိုင်း..လင်း..ဖူးရှူး..ငါ့ကို မထားခဲ့ကြပါနဲ့..'

သူတို့နှစ်ဦး အံ့ဩစွာနောက်သို့ လှည့်ကြည့်မိလိုက်ကြသည်။ ရင်ဘတ်တွင် ဖောက်ဝင်နေသော သံချွန်ကြီးတန်းလန်းနှင့် သူတို့နောက် ဒယိမ်းဒယိုင်လိုက်လာနေသည့် ဇော်ရဲကို မယုံကြည်နိုင်ဖွယ် တွေ့မြင်လိုက်ကြရလေသည်။

'စိုင်းလင်း..ဟို..ဟိုမှာ..ဇော်ရဲ..ဇော်ရဲကို လုပ်ပါဦး'

ဖူးရှူး စိုးရိမ်တကြီးဖြင့် မဆောတကောပြောသည်။ စိုင်းလင်း ဇော်ရဲကို ပြန်ကြည့်ကာ တွေဝေသွားသည်။ သူနာရီကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်လိုက်ပြန်တော့ လေးနာရီထိုးရန် သုံးမိနစ်မျှသာ လို တော့သည်။ သူတို့နှင့် တံခါးမကြီးကလည်း လက်တစ်ကမ်းသာ လိုပေ‌ာ့၏။

'စိုင်းလင်း..ငါ့ကို မထားခဲ့ပါနဲ့..'

ဇော်ရဲအသံက သနားစဖွယ်ထွက်ပေါ်လာပြန်သည်။ ဒါ..လုံး၀ မဖြစ်နိုင်သောအရာ။ သံချွန်ကြီးတစ်ခုလုံး ရင်ဘတ်မှာ ထုတ်ချင်းခတ် ဖောက်ဝင်ခြင်းခံရသော လူတစ်ယောက်အတွက် ဘယ်လိုနည်းနှင့်မျှ အသက်ရှင်ဖို့ရန် နည်းလမ်းမရှိနိုင်။ အမှန်ပင် ဇော်ရဲသည်လည်း အောင်ခန့်ကဲ့သို့ တစ္ဆေတစ်ကောင်အဖြစ် ပြောင်း လဲသွားခြင်းသာ ဖြစ်ပေမည်။

ထိုစဉ်..ရှုးရှုးက ဇော်ရဲအဖြစ်ကိုကြည့်ကာ ငိုသံပါ ကြီးဖြင့်..

'စိုင်းလင်း..ဇော်..ဇော်ရဲကို ကယ်ပါဦး..'

'မ..မဟုတ်ဘူး၊ ရှုးရှုး..ဒါ..တို့ သူငယ်ချင်းဇော်ရဲ မဟုတ်တော့ဘူး၊ သူ..သူ..တစ္ဆေဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



ရူးရူးမျက်ဝန်းများက သူပြောတာကို လက်မခံနိုင်သော အရိပ်အရောင်များ ထွက်နေသည်။

'ငါ ပြောတာကို ယုံစမ်း ရူးရူး..ဒါ..တို့သူငယ်ချင်း ဇော်ရဲအစစ် မဟုတ်တော့ဘူး'

'ရူးရူးရေ..ငါ နင်တို့သူငယ်ချင်းအစစ်ပါ.. ငါ့ကိုလည်း ကယ်ကြ ပါဦးဟာ..'

ဟင်..သေချာနေပြီ၊ ညှိမှိုင်းလှမ်းနေသော နေရာမှ သူ့စကားကို သာ မန်လူသားတစ်ယောက်အနေဖြင့် လုံးဝကြား နိုင်သော အခြေအနေမျိုးမဟုတ်။ စိုင်းလင်း ဆုံးဖြတ်ချက်ကို အခိုင်အမာချကာ ရူးရူးလက်ကို ဆွဲလိုက်သည်။

'လာ..ရူးရူး..မချိန်မရှိတော့ဘူး..ငါတို့ အပြင်ကို ထွက် ကြမယ်'

ရူးရူးက သူမ၏လက်ကို အတင်းရုန်းဖယ်လိုက်သည်။

'ဒါ..ဇော်ရဲမှ ဇော်ရဲအစစ်ပဲ စိုင်းလင်း..နင် ကိုယ့်သူငယ် ချင်းတစ်ယောက်လုံးကို ဒီလို ရက်ရက်စက်စက် ထားပစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့မှာလား'

'ဟာ..ရူးရူး..'

'တော်ပြီ..နင်မကယ်ရင် ငါသွားကယ်မယ်'

'ရူးရူး..ရူးရူး..ဟာ..'

စိုင်းလင်း မတားနိုင်မီမှာပင် ရူးရူးက နောက်ပြန်လှည့်ကာ ဇော်ရဲဆီသို့ ပြေးသွားတော့သည်။ စိုင်းလင်း ဘာလုပ်ရမှန်း မသိတော့။ ထိုအချိန် ရူးရူးက သံချွန်ကြီးတန်းလန်းနှင့် ဒယီးဒယိုင် လျှောက်လာနေသော ဇော်ရဲထံသို့ ရောက်ရှိသွားတော့သည်။

'ဇော်..ဇော်ရဲ..'

'ရူး..ရူး..အ..'

သူမ ယိုင်နဲ့သွားသော ဇော်ရဲ၏လက်ကို ဖမ်းကိုင်တိမ်း ပေးလိုက်သည်။ အဲဒီမှာပဲ ဇော်ရဲနောက်က တန်းစီကာလိုက် ပါလာကြသော တစ္ဆေကောင်ကြီးများကို ရူးရူးထိတ်လန့်တကြား မြင်တွေ့လိုက်ရလေတော့သည်။ တစ္ဆေကောင်ကြီးများက အသီးချိုး ဝ်ဖြင့် ညည်းညူ၍အော်ဟစ်ရင်း တရွေ့ရွေ့ လျှောက်လာနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှုးရှူး ကြက်သေသေကာ သူမတို့ဆီ တရွေ့ရွေ့ လျှောက်လာနေကြသော ထိတ်လန့်မသတီချင်စဖွယ် အကောင်ကြီးများကို တအံ့ငေးကြည့်နေမိသည်။ ရှေ့ဆုံးက လက်ကြီး တစ်ဖက်ပြတ်နေသော တစ္ဆေကောင်ကြီး။ အဲဒီနောက်မှ ခေါင်းကြီးမပါတော့ဘဲ ခန္ဓာကိုယ်ကြီးချည့်လျှောက်လာနေသော တစ္ဆေကောင်။ ဂါဝန်ဖြူသံပိုက်လုံးကြီးတန်းလန်းနှင့် တစ္ဆေမ။ သူတို့နောက်မှလည်း တစ္ဆေကောင်ကြီး နှစ်ကောင်။ တစ်ကောင်က လက်ကြီးတစ်ဖက် ကျိုးကြေတွဲလောင်းကျနေကာ ကြေမွနေသော အော်ဂလီဆန်ဖွယ် သွေးသံရဲရဲ မျက်နှာကြီးနှင့်။

ရှုးရှူး နောက်ဆုံးမှ တစ္ဆေကောင်ကြီးကို ကြည့်ပြီး ရုတ်တရက် သူဝတ်ထားသော အဝတ်အစားများကို သတိထားမိသွားသည်။

'ဟင်..ဒါ..ဒါ..အောင်..အောင်ခန့်'

သူမ ထိတ်လန့်တကြားဖြင့် ဇော်ရဲ၏မျက်နှာဆီသို့ ကြည့်လိုက်မိတော့သည်။ အဲဒီအချိန် ဇော်ရဲ၏မျက်နှာကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး..'

ပြူးကြောင်ကြောင် မျက်လုံးစိမ်းကြီးများနှင့် ဇော်ရဲက သူမကို ကြောက်မက်ဖွယ် ပြုံးဖြီးဖြီးကြီးကြည့်နေသည်။

'ဟီးဟီး..ရှုးရှုး နင် ငါတို့နဲ့ နေခဲ့မယ် မဟုတ်လား.. ငါတို့အတွက် ဒီမှာနေရာတွေ အများကြီးရှိတယ်..ဟီးဟီး..'

ရှုးရှုး အံ့ဩထိတ်လန့်လွန်း၍ စကားပင် မပြောနိုင်တော့။ အဲဒီအချိန် ဇော်ရဲ၏ လက်သည်းချွန်ကြီးများနှင့် သန်မာသော လက်ကြီးတစ်ဖက်က သူမကို ဆွဲယူချုပ်ကိုင်ထားလိုက်တော့သည်။ ဒီတော့မှ သူမ ထိတ်လန့် တကြားဖြင့် ငယ်သံပါအောင်အော်ရင်း၊ စိုင်းလင်းဘက်သို့ လှည့်ကြည့်မိ လိုက်တော့သည်။ စိုင်းလင်းက ဖွင့်ဟသွားပြီဖြစ်သော တံခါးမကြီး၏ အလယ်တွင်ရပ်လျက် စိုးရိမ်တကြီး မျက်နှာမျိုးဖြင့် သူမကိုကြည့်နေသည်။ သူ့ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



ချိတုံချတုံဖြစ်နေသည့် အမူအယာမျိုး။

'အား..စိုင်း..စိုင်းလင်း..ငါ့ကို ကယ်ပါဦး..အား..'

ရှူးရှူး ငယ်သံပါအောင်အော်ရင်း ဇော်ရဲ၏ လက်ကြီး

အတွင်းမှ လွတ်မြောက်ရန် ရုန်းကန်နေသည်။

'ဟာ..ဟား..ဟား..ဟီး..ဟီး..'

ကြောက်မက်ဖွယ် အစွယ်ဖြူဖြူကြီးများ ငေါ်ထွက်နေ

ပြီးဖြစ်သော ဇော်ရဲက သူ့ပါးစပ်ကြီးကိုဖြဲကာ အားပါးတရ

ရယ်မောနေသည်။ ထိုစဉ်ပင်..

'မကြောက်နဲ့ ရှူးရှူး..ငါလာပြီ..'

စိုင်းလင်းက ရုတ်တရက် သူမကို အားပေးကာ အော်ရင်း

ပြေးဝင်လာတော့သည်။ ဇော်ရဲ တစ္ဆေကောင်ကြီးကလည်း အရယ်

ရပ်ကာ ကြောင်ကြည့်နေမိလေ၏။

'ဟိတ်..'

လက်တစ်ကမ်းအကွာရောက်သည်နှင့် စိုင်းလင်း၏မျှော်

ကိုယ်က မြောက်တက်သွားတာ တစ္ဆေကောင်ဇော်ရဲ၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မိမိရရကြီး ခုန်ဟန်ပစ်လိုက်တော့သည်။

'ဖြော်င်း..'

တစ္ဆေကောင်ဖော်ရဲ၏ မျက်နှာကြီး တစ်ဘက်သို့လည်သွားကာ ဝုန်းခနဲပြိုလဲသွားသည်။ လက်ထဲမှ ရှုးရှူးလည်ထွက်သွားလေ၏။ စိုင်းလင်း ကြမ်းပြင်ပေါ်သို့ ပြန်ကျသည်နှင့် လဲကျနေသော ရှုးရှူး၏လက်ကို ပြေးကာ ဆွဲထူလိုက်သည်။

'ရှုးရှူး မြန်မြန်ထ..တို့အမြန်ဆုံး အပြင်ထွက်ကြမယ်'

ရှုးရှူးထိတ်လန့်တကြီးဖြင့် ကဗျာကယာ လူးလဲထသည်။ ထိုအချိန် စိုင်းလင်းကန်ချက်ကြောင့် လဲကျသွားသည့် ဖော်ရဲတစ္ဆေကောင်ကြီးက ဒေါမာန်တကြီး မာန်ဖီ ကာ ပြန်ထလာသည်။ စိုင်းလင်း ရှုးရှူးလက်ကိုလွှတ်၍ တစ္ဆေကောင်ကြီးကို ရင်ဆိုင်လိုက်ရပြန်သည်။ ပြီးတော့ ပါးစပ်ကလည်း အော်၍..

'ရှုးရှူး..အိမ်ကြီး အပြင်ဘက်ရောက်အောင် အမြန်ဆုံးထွက်.. သွား..သွား..'

ရှုးရှူးတံခါးမကြီးရှိရာသို့ ပြေးသွားသည်။ သို့သော်..



www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီးရှိရာသို့ ရောက်သည်နှင့်··

'ဝုန်း··'

'ဟင်··'

တံခါးမကြီးက သူ့အလိုလို ဝုန်းခနဲ ဆွဲပိတ်သွားသည်။ ရှုးရှုးကလည်း ဘာလုပ်ရမှန်းမသိတော့။ သူမ အကြည့်က မှန်ချပ်များ ဟောင်းလောင်းပေါက်ဖြစ်နေကြသော ပြူတင်းပေါက်များဆီ အကြည့်ရောက်သွားပြန်သည်။ သည်စဉ်မှာပဲ··

'ချပ်··'

'ချပ်··'

'ချပ်··'

'ဟင်··'

အံ့ဩဖွယ်ကောင်းလောက်အောင် ဟောင်းလောင်းပေါက်ဖြစ်နေသော ပြူတင်းပေါက်တံခါးများမှ မှန်ချပ်များ သူ့အလိုလို ပေါ်လာကြကာ ထိုးပိတ်သွားကြပြန်သည်။ သူမတို့ အတွက် အပြင်ဘက်သို့ထွက်ရန် တံခါး အားလုံးပိတ်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ရှုးရှူးထိတ်လန့်အားငယ်စွာဖြင့် စိုင်းလင်းရှိရာ ဘက်သို့ လှည့်ကြည့်မိလိုက်သည်။ ထိုစဉ် သူမရှိရာဘက်သို့ ဝုန်းခနဲ အသံကြီးနှင့်အတူ စိုင်းလင်းလွင့်ကျလာသည်။

'အား..ကျွတ်..ကျွတ်..'

'စိုင်းလင်း...စိုင်းလင်း..'

ပါးစပ်မှ စီးကျလာသော သွေးများကို လက်ခုံဖြင့် သုတ်ရင်း စိုင်းလင်း ဒူးထောက်ကာ ပြန်ထလာသည်။

'ဟား..ဟား..ဟီးဟီး..ဂီး..ဂဲ..အူး..'

ထိုအချိန် တစ္ဆေကောင်ကြီးများအားလုံးက သူတို့ နှစ်ယောက်စလုံးကို ဝိုင်းမိသွားကြပြီ ဖြစ်၏။

ရှုးရှူး စိုင်းလင်း လက်မောင်းကို အားကိုးတကြီးဖက် တွယ်ရင်း ငယ်သံပါအောင် အော်မိလိုက်တော့သည်။

တစ္ဆေကောင်ကြီးများက တရွေ့ရွေ့ ယိုင်နဲ့သော ခြေလှမ်း များဖြင့် သူတို့နှစ်ဦးကို ဝိုင်းပတ်နေကြသည်။ ပုတ်အဲ့အဲ့၊ ညှီစို့စို့ အော်ဂလီဆန်ဖွယ် အနံ့ဆိုးကြီးများကလည်း တစ္ဆေကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များသည်း တစ္ဆေကောင် ကြီးများ၏ ခန္ဓာကိုယ်များမှ လွင့်ပြန့်နေ၏။ ထိတ်လန့်သွေးပျက်ဖွယ် ကောင်းလွန်းလှသည့် ပုံသဏ္ဌာန်ကြီးများနှင့် နှလုံးပျက်ဖွယ် အသံဆိုးကြီးများကြောင့် သူတို့နှစ်ဦး တစ်ဦးလက်ကိုတစ်ဦး တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ပူးကပ်နေကြရသည်။ သူတို့နှစ်ဦး ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်းများ၏ နောက်ဆုံးအခြေအနေသို့ ရောက်ရှိနေလေပြီ။ ထိုအခိုက်တွင်ပင်..

'ဒင်...ဒင်...' 'ဒင်...ဒင်..'

စူးရှကာ ကျယ်လောင်လွန်းလှသည့် တိုင်ကပ်နာရီကြီးအသံက ရုတ်တရက် ထွက်ပေါ်လာတော့သည်။ နာရီသံကြီးက လေးချက်တိတိ။ အသံမျိုးစုံဖြင့် အော်ဟစ်ကာ လှည့်ပတ်နေသော တစ္ဆေကောင်ကြီးများ အားလုံး တိခနဲရပ်တန့်သွားကြသည်။ လုံးဝအသံများ တိတ်ဆိတ်သွားကြ၏။ ပြီး..သူတို့ ခေါင်းကြီးများ အားလုံး နာရီသံကြီးထွက်ပေါ်လာရာ အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ လေးတွဲစွာ လှမ်းမျှော်ကြည့်လိုက်ကြသည်။ ထိုခဏတွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလင်း ရုတ်တရက်ရလိုက်သောအကြံတစ်ခုကြောင့် လှုပ်ရှားမှု တစ်ခုကို လျှပ်ပျက်သလို ပြုလုပ်လိုက်လေတော့သည်။ သူ့ရှေ့ တည့်တည့်တွင် ရောက်နေသည့် ဂါဝန်ဖြူတစ္ဆေမကြီးဝမ်းဗိုက်မှ သံပိုက်လုံးကြီးကိုအားဖြင့် ဆောင့်ဆွဲကာ နှုတ်ယူလိုက်သည်။

အူး..ခနဲ တစ္ဆေမကြီး၏ ညည်းညူသံအဆုံး သူ့လက်ထဲတွင် သံပိုက်လုံးကြီးပါလာတော့သည်။ စိုင်းလင်း သူ့လက်ထဲသို့ သံပိုက်လုံးကြီးရောက်သည်နှင့် ဧည့်ခန်းတံခါးမကြီး၏ အပေါ်ဘက်ရှိ မှန်ချပ်အပိုင်းကြီးဆီသို့ အားကုန်လွှဲ၍ ပစ်လိုက်လေကော့သည်။

'ခွမ်း..'

အသံကျယ်ကြီးနှင့်အတူ ကွဲကြေကာ ဟောင်းလောင်းဖြစ်သွားသော အပေါက်ဝိုင်းကြီးမှ အပြင်ဘက်က ဖြိုးတက်လာသည့် ရောင်နီ အလင်းရောင်များ ဝင်ရောက်လာကြလေတော့သည်။

'အူး..'

'ဂရား..'

'ဂီး..'

---



www.burmeseclassic.com

www.burmeseclassic.com



မြင်ပမှ အလင်းရောင်ကို မြင်လိုက်ရသည်နှင့် တစ္ဆေကောင်ကြီးများ သူတို့မျက်နှာကြီးများကို ထိတ်လန့်တကြားကွယ်ဝှက်၍ ညည်းသံကြီးများပြုကာ နောက်သို့ ဆုတ်သွားကြလေသည်။

စိုင်းလင်း ရရှိသောအခွင့်အရေးကို လက်လွှတ်မခံတော့။ ရှုးရှုးလက်ကို ရုတ်တရက်ဖမ်းဆွဲကာ တံခါးမကြီးဆီသို့ တဟုန်ထိုးပြေးသွားလိုက်တော့သည်။

အဲဒီနောက်မှာတော့ သူရှိသမျှအားကို ဖျစ်ညှစ်ပြီး တံခါးမကြီးကို ဆောင့်ဆွဲဖွင့်ချလိုက်တော့သည်။

ဝုန်း....

တံခါးမကြီးပွင့်သွားပြီးနောက်မှ အားလွန်လာသော ရှုးရှုးခန္ဓာ ကိုယ်ကပါ သူ့ကို တိုက်ချသွားပြီး နှစ်ယောက်သား အပြင်ဘက်သို့ တလိမ့်ကောက်ကွေးပြုတ်ကျ လိမ့်ထွက်သွားကြလေတော့သည်။

ထိုအချိန် အိမ်ကြီးအတွင်းမှ ထိတ်လန့်ခြောက်ခြားဖွယ် တစ္ဆေကောင်ကြီးများ၏အော်သံက ကမ္ဘာပျက်မတတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာလေတော့သည်။

စိုင်းလင်းနှင့်ဖူးဖူးတို့ နှစ်ယောက်သား မော်ဟိုက်ခြင်း နာကျင်ခြင်းများကို ဂရုမစိုက်အား‥

လဲကျနေကြရာမှ အမြန်ဆုံး လူးလဲကုန်းရုန်းထကာ အိမ်ကြီးနှင့် အဝေးဆုံးနေရာဆီသို့ ပြေးထွက်လာခဲ့ကြတော့သည်။ ထိတ်လန့်ခြင်း၊ မောဟိုက်ခြင်းများကြောင့် သူတို့နှ လုံးသားများ ပေါက်ကွဲထွက်တော့ မတတ်ခံစားနေကြရလေသည်။ သို့သော် ပြေးနေသော သူတို့ခြေထောက်များကိုမူ မရပ်ရဲသေး‥။

မြက်ပင်ရှည်ကြီးများကြားမှ ကုန်းမြင့်ဆင်ခြေလျှောအတိုင်း အသက်ထွက်တော့မတတ် ပြေးဆင်းလာခဲ့ကြသည်။

ထိုအခိုက် အမောလွန်ကာ ယိုင်နဲ့နေပြီဖြစ်သော သူတို့ ခြေလှမ်းများက တစ်ချက်တွင် ခွေကနဲဖြစ်သွားကြကာ‥

'အ‥'

'အောင်မလေး‥'

နှစ်ယောက်သားလုံးထွေးကာ ဆင်ခြေလျှောအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဆင်းသွားကြတော့သည်။ အဲဒီနောက်မှာတော့ သူမတို့နှစ်ယောက်စလုံး....

မောပန်းခြင်း...

နာကျင်ခြင်း...

ထိတ်လန့်ခြင်းများနှင့်အတူ...

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

မွေ့ယာခင်းကြီးပေါ်မှ ထိတ်လန့်စွာအော်ဟစ်ရင်း ပြုတ်ကျလာသော ရှုးရှုးကြောင့် သူတို့အားလုံး နှစ်ခြိုက်စွာအိပ်ပျော်နေကြရာမှ လန့်နိုးလာကြတော့သည်။

ရှုးရှုးခန္ဓာကိုယ်ဖြင့် အဖိခံလိုက်ရသော စိုင်းလင်းက မျက်နှာကို မဲ့ရှုံ့ရင်း နာသွားသော သူ့လက်ကို ပွတ်သတ်နေသည်။

'အား··ကျွတ်ကျွတ်·· နင်လုပ်လိုက်ရင် အသည်းအသန် ချည်းပဲ·· ရှုးရှုး ဘာဖြစ်တာလဲ··'



www.burmeseclassic.com

www.burmeseclassic.com



ခုနှုး ယခုအချိန်ထိ ထိတ်လန့်မပြေသေးသောမျက်နှာဖြင့် မှတ်လုံးအပြူးသား ရှိနေသေးသည်။ ထိုအချိန် ဇော်ရဲနှင့်အောင်ခန့် တို့ကလည်း အလူးအလဲထလာကြကာ..

'ဘာဖြစ်ရမှာလဲ..သူ..အိမ်မက်,မက်ပြီး ထကြောင်တာပဲ ဖြစ်မှာပေါ့..ဒီကောင်မစုတ်လေးက အမြဲတမ်းဒီလို ဖြစ်နေကျပဲ'

ဇော်ရဲကပြောပြီး အခန်းကြီးအတွင်းကို တစ်ချက်ကြည့် လိုက်သည်။ ပြီးတော့..တဆက်တည်း...

'ဟာ..မိုးတောင်အတော်လင်းနေပြီကွ.. အားလုံးထကြ တော့.. ငါတို့ လမ်းရှာပြီးပြန်ကြရဦးမယ်'

မှန်ချပ်များကင်းမဲ့ကာ ဟောင်းလောင်းပေါက်များဖြစ် နေသည့် ပြူတင်းပေါက်များမှ နေရောင်နုများ ဖြာဆင်းကျနေကြ လေပြီ။

ထိုအချိန် အောင်ခန့်ကလည်း..နေရာမှ ထရပ်ကာ..

'ဟုတ်တယ်ဟေ့..အတော်တောင်လင်းနေပြီ.. ထကြ တော့.. အခုလောက်ဆို တို့အိမ်တွေကလည်း စိတ်ပူနေကြ



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်·· မြန်မြန်လမ်းရှာပြီး ဒီနေ့အိမ်ပြန်ရောက်ကြမှ ဖြစ်မယ်'

ရှုးရှူး ဇော်ရဲနှင့် အောင်ခန့်တို့နှစ်ဦးကိုကြည့်ကာ မျက်လုံးအပြူးသားနှင့် ရှိနေဆဲ··

စိုင်းလင်းက ရှုးရှူးပုံစံကိုကြည့်ကာ မျက်မှောင်ကုတ်သွားလေသည်။

'ခုထိ နင် ဘာကြောင်နေတာလဲ··ရှုးရှူး··'

'ငါတို့··ဟို··ဟို··'

ဇော်ရဲနှင့် အောင်ခန့်တို့ကလည်း ရှုးရှူးကို ဝိုင်းကြည့်လာကြသည်။ ပြီးမှ ဇော်ရဲက စိုင်းလင်းအား··

'လုပ်မနေနဲ့ စိုင်းလင်း··ငါပြောသလို သူ့ အိမ်မက်ယောင်ပြီး ကြောင်နေတာ·· သူ ဒီလိုပဲအမြဲတမ်းဖြစ်နေကျ··သူ့အိမ်ကလည်း ဗီဒီယိုသရဲကားတွေချည်း အမြဲကြည့်တတ်တဲ့··သူ့အကျင့်ကို ပြောတာလည်း မရဘူး၊ မင်း··မယုံရင်မေးကြည့် အခုလည်း သူဗီဒီယိုကားတွေထဲက တစ္ဆေသရဲနတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ အိမ်မက်တာပဲ ဖြစ်လိမ့်မယ်’

ထိုအခါ ရှုးရှုး သူမ၏ အခြေအနေကို ဆက်စပ်မိသွားပြီး…

‘နင်တို့ကလည်းဟယ်··’

ဟု ဆိုကာ ပြုံးရယ်မိတော့သည်။

အဲဒီမနက်က သူတို့အားလုံး ခေတ္တတည်းခို အိမ်စက်ခဲ့ကြသော အိမ်အိုပျက်ကြီးမှ ထွက်ခဲ့ကြကာ ခြေလျှင်ခရီးနှင့်ပင် ကညင်ပင်စခန်းဆီသို့ ရောက်သွားခဲ့ကြလေသည်။ ထိုအခါမှ လမ်းမှားခြင်းမဟုတ်ပဲ။ စိုင်းလင်း မျက်စိမှားခြင်းဖြစ်ကြောင်းကိုလည်း သိခဲ့ကြရလေ၏။ အဘယ်ကြောင့်ဆိုသော် နောက်ထပ် (၁၀)မိနစ်ခန့် နောက်ပြန်လျှောက်ခဲ့ယုံမျှနှင့် ကညင်ပင်စခန်းဆီသို့ ရောက်ခဲ့ခြင်းကြောင့်ပင် ဖြစ်၏။ သူတို့အားလုံး လမ်းလျှောက်ကာ စကားများပြောဆိုနေကြရင်းဖြင့် သည်စခန်းကို လွန်ခဲ့ခြင်းအား မသိလိုက်ကြခြင်းပါလေ။

ကညင်ပင်စခန်းဆီသို့ရောက်သည်နှင့် စိုင်းလင်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



အသိ တောအုပ်တစ်ယောက်ကို အကူအညီတောင်းခဲ့၍ ထိုတော အုပ်မှပင် သူပိုင်ဂျစ်ကားနှင့် သူတို့မြို့ကလေးအထိ လိုက်ပို့ပေးခဲ့ လေ၏။ ဖော်ရဲ၏ပျက်နေသော ကားကိုလည်း သူတို့စီးလာ သောကားနှင့်ပင် တွဲချိတ်ကာ ဆွဲလာခဲ့ကြရလေသည်။

အိမ်ရောက်တော့ သူတို့အားလုံး လူကြီးများ၏အဆူ ကိုတော့ဖြင့် နည်းနည်းပါးပါးခံခဲ့ကြရသည်။

ဖူးဖူးတစ်ယောက်ဖာတော့ မမျှော်လင့်ဘဲ ထူးခြားသော အိမ်အိုပျက်ကြီးတစ်လုံးအတွင်း တစ်ညတာ အိပ်စက်ခဲ့ရပြီး မက်ခဲ့ရသော ခြောက်ခြားဖွယ်အိမ်မက်ကြီးကို တော်တော်နှင့် မေ့မရဘဲရှိနေခဲ့ရလေသည်။

ဒီလိုနဲ့ တစ်ပတ်ခန့်အကြာမှာတော့ သူတို့သူငယ်ချင်း လေးယောက်စလုံး စကားစပ်မိသွားကြရင်း ဒီအိမ်ပျက်အိုကြီး အကြောင်းကို ပြန်ပြောဖြစ်ခဲ့ကြသည်။

ဒီအခါ အောင်ခန့်က..

'မင်းတို့ နှစ်ယောက်လည်း အိမ်ပျက်ကြီးထဲ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့သွားကြရော··ငါနဲ့ရှုးရှုးလည်း ဗိုက်ပြည့်တဲ့အရှိန်·· ပင်ပန်းတဲ့အရှိန်နဲ့ အိပ်လိုက်ကြတာ သိုးကနဲပဲ·· ဒါနဲ့ အိမ်ကြီးအပေါ်ထပ်မှာ မင်းတို့ ဘာတွေတွေ့ခဲ့ ကြသလဲ၊ မြေတိုက်ခန်းဆိုတာတွေရော တွေ့ကြသလား'

အောင်ခန့်၏အမေးကို စိုင်းလင်းနှင့် ဇော်ရဲတို့က မဖြေသေးဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ ဇော်ရဲက စိုင်းလင်းအား မင်းပြောပြလိုက်ပါကွာဟူသည့်သဘော မေးတစ်ချက်လှမ်း ထိုးပြလိုက်သည်။ သည်တော့မှ စိုင်းလင်းက··

'မင်းတို့ ကြောက်မှာစိုးလို့ မပြောတာ··အိမ်ကြီးက တော်တော်ထူးဆန်းတဲ့အိမ်ကြီးကွ·· ကညင်ပင်စခန်းက သစ်သမားတွေဆိုရင် ဒီအိမ်ကြီးနား ယောင်လို့တောင်မသွားရဲကြဘူးတဲ့ကွ··ဟဲဟဲ··သရဲအရမ်းခြောက်တယ်တဲ့ကွ'

'ဟင်··'

ရှုးရှုး စိုင်းလင်း၏စကားကြောင့် မျက်လုံးလေးပိုင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိုင်းလင်းက ဆက်ပြောသည်…

'ငါတို့ကတော့ မျက်ကန်းတစ္ဆေမကြောက်ဆိုသလို ဘာမှန်းမသိကြတာကိုးကွ…သိလည်း ငါကတော့ ဒါမျိုးတွေ အယုံအကြည်မရှိပါဘူး… ဒါပေမယ့် အိမ်ကြီးကတော့ ထူးဆန်းတာ အမှန်ပဲ… မင်းတို့ စဉ်းစားကြည့်လေကွာ၊ ဒီလိုလူမနေဘဲ နှစ်ပေါင်းများစွာဟောင်းနွမ်းနေတဲ့ အိမ်ကြီးရဲ့ အပေါ်ထပ်မှာ စက်သွားနေတဲ့ တိုင်ကပ်နာရီအိုကြီးတစ်လုံးရှိနေတာ မထူးဆန်းဘူးလား'

'ဘာ…စက်သွားနေသေးတဲ့ တိုင်ကပ်နာရီကြီးတစ်လုံး ရှိတယ်'

ရှုးရှုး အံ့သြလွန်းသဖြင့် အသံပင် အစော်ကျယ်သွားလေသည်။ စိုင်းလင်းကမူ ရှုးရှုးအား တစ်ချက်မျှသာကြည့်ပြီး သူ့စကားကို ဆက်ပြောပြန်သည်။

'အဲဒါထားဦး…နောက်ပြီး အဲဒီအိမ်ကြီးထဲမှာ မြေအိုက်ခန်းကြီးတွေလည်း ရှိနေတယ်…ငါနဲ့ဇော်ရဲတောင် ဒီမြေအိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ တွေ့ခဲ့ရတဲ့ဟာကြီးတွေကြောင့် တော်တော်တော့ လန့်သွားခဲ့ကြတယ်'

အောင်ခန့်က စကားဖြတ်ကာ ဝင်မေးသည်။ စိုင်းလင်းက ချက်ချင်းမဖြေသေးဘဲ ခပ်တေ့တေ့ပြုံးလိုက်သေးသည်။ ပြီးမှ…

'ဟင်းဟင်း…အဲဒီတုန်းကသာ ငါတို့မြင်ခဲ့ရတဲ့ဟာကြီးတွေကို မင်းနဲ့ရှုးရှုးကို ပြောလိုက်ရင် အိမ်ကြီးထဲက မင်းတို့နှစ်ကောင်ထွက်ပြေးကြမှာ သေချာတယ်…တို့မြင်ခဲ့ကြတာ လူသေထည့်တဲ့ အနက်ရောင် အခေါင်းတလားကြီးတွေကွ…'

'ဟုတ်တယ်…(၅)လုံးတိတိတောင်ပဲ'

'တချို့ရှေးရိုးစွဲအယူသည်းမိသားစုတွေဟာ ဒီလိုပဲ မိသားစုဝင်တွေ သေရင်မြေတိုက်ခန်းထဲမှာ ထည့်ထားတတ်ကြတယ်လေ။ ဟုတ်တယ် မဟုတ်လား'

ဇော်ရဲကလည်း ဝင်ရောက်ပြီးပြောလိုက်လေသည်။ အဲဒီအချိန် ရှုးရှုးတစ်ယောက်ကတော့ အလွန်အမင်း အံ့ဩတိဘဲလန့်စိတ်ဖြင့် စကားပင်မပြောနိုင်လောက်အောင် ရှိနေလေပြီ။ သူမမက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ခြောက်ခြားထိတ်လန့်ဖွယ် အိမ်မက်ကြီးထဲကအတိုင်း သူတို့ပြောပြနေသည်များမှာ ထူးဆန်းစွာ တိုက်ဆိုင်နေသည် မဟုတ်ပါလား။ ထိုစဉ် အောင်ခန့်က အံ့ဩနေသော လေသံမျိုးဖြင့်..

'ဒါကြောင့် ငါ့စိတ်ထဲမှာလည်း ဒီအိမ်ကြီးထဲရောက်ကတည်းက တစ်မျိုးကြီးခံစားနေရတာ..ဒီအိမ်ကြီးထဲမှာ တစ္ဆေတွေရှိတယ်ဆိုတာ ဟုတ်လိမ့်မယ်ကွ'

'ဟင်းဟင်း..မင်းက ဘာလို့ ဒီလိုပြောနိုင်တာလဲ'

စိုင်းလင်းက ခပ်ထေ့ထေ့ပြုံး၍မေးသည်။

'ဘာဖြစ်လို့လဲဆိုရင် ငါတို့အိမ်ကြီးထဲကို စဝင်ကြတော့ ငါ အိမ်ကြီးကို အမှတ်တရဓာတ်ပုံရိုက်ခဲ့တာ မင်းတို့မှတ်မိလား'

'မှတ်မိတာပေါ့..အခု အဲဒီဓာတ်ပုံ မင်းကူးပြီးပြီလား'

ဇော်ရဲက ဝင်မေးလိုက်ပြန်သည်။

'ကူးပြီးပြီ..အဲဒါ ပြောမလို့ပဲကွ..ငါသေသေချာချာ ရိုက်ခဲ့တဲ့ ဟာ..ဓာတ်ပုံထဲမှာ အဲဒီအိမ်ကြီးပုံမပေါ်ဘူးကွ'

'ဟား..ဟား..ဟား..ဟား..'



www.burmeseclassic.com

www.burmeseclassic.com



အောင်ခန့်၏စကားအဆုံး စိုင်းလင်းနှင့် ဇော်ရဲတို့ကပိုင်း၍ ရယ်ကြတော့သည်။ အောင်ခန့်မျက်နှာ အူကြောင်ကြောင် ဖြစ်သွားလေသည်။

'ဘာလဲကွ..မင်းတို့ ဘာရယ်ကြတာလဲ..'

'ဟား..ဟား..ရယ်မှာပေါ့ကွ.. အိမ်ကြီးပုံ ဓာတ်ပုံထဲ မပေါ်တာ မင်းကင်မရာပျက်နေလို့ ဖြစ်မှာပေါ့ကွ'

ဇော်ရဲက ရယ်ရင်းပြောလိုက်ခြင်းဖြစ်၏။

'ဘာလို့ ပျက်ရမှာလဲ..ငါ့ကင်မရာက အသစ်ကွ'

'လုပ်မနေနဲ့..ဒါဆိုလည်း မင်းဓာတ်ပုံကူးတာ သောက်သုံး မကျလို့ပဲ ဖြစ်မယ်..ဒါနဲ့များ နာမည်ကျော်ဓာတ်ပုံဆရာ မင်းက ဖြစ်ချင်သေးတယ်..ဟား..ဟား..'

ဇော်ရဲနှင့်စိုင်းလင်းတို့က တစ်ခါပိုင်းရယ်ကြပြန်သည်။ အောင်ခန့်မျက်နှာ မခံချင်ဖြစ်သွားလေ၏။

'ကဲ..ဒါတွေထားကွာ..နောက်တစ်ခုရှိသေးတယ်..ငါ အဲဒီအိမ်ကြီးထဲမှာ တစ်ညအိပ်ခဲ့ပြီး နောက်နေ့တွေမှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သလဲသိလား‥ မျက်နှာတစ်ခုလုံးယောင်ကိုင်းပြီး လက်နှစ်ဘက်လည်း နှစ်ရက်လောက် မလှုပ်နိုင်ဘူး‥ဆေးခန်းကို နှစ်ရက်လောက်သွားယူရတယ်‥ဒါရော မထူးဆန်းဘူးလား'

ဒီတစ်ခါတော့ စိုင်းလင်းနှင့် ဇော်ရဲတို့ ရယ်သံတိတ်သွားကြသည်။ ဖူးရှူးတစ်ယောက်ကတော့ အံ့ဩလွန်း၍ လူစစ်စစ်က ကျောက်ရုပ်ဖြစ်နေသည်။

'အင်း‥ဒါတော့ စဉ်းစားစရာပဲကွ‥လမ်းမှာ မင်းဘာမှလည်း မဖြစ်ခဲ့ဘဲ‥ ဖြစ်ခြင်းဖြစ် ကြမ်းပေါက်ကျွံကျတဲ့ မင်းခြေထောက်က နာတယ်ဆို ဟုတ်သေး'

စိုင်းလင်းက ပြောပြီး စဉ်းစားဟန်လုပ်နေသည်။ ထိုအချိန် ဇော်ရဲက‥

'ဒီတစ်ခုတော့ အောင်ခန့်ပြောတာ ငါလက်ခံတယ်‥ ငါလည်း အဲဒီအိမ်ကြီးက ပြန်ရောက်ကတည်းက ရင်ဘတ်ကြီးစူးပြီး အောင့်နေတာ‥ တကယ့်ကို သံချွန်ကြီးတစ်ခုနဲ့ထိုးထားတဲ့အတိုင်းပဲ‥ အခုမှ သက်သာသွားတာ‥ဘာမှမကြာသေးဘူး'

ဇော်ရဲစကားကြောင့် စိုင်းလင်းက မျက်မှောင်ကုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ခဏကြာမှ တဟား..ဟား..ရယ်မောပြီး..

'ဟား..ဟား..သွားပြီ..မင်းတို့နှစ်ကောင်လည်း မိစ္ဆာ လိုင်းလိုက်သွားကြပြီ..လမ်းခရီးမှာ ကားဆောင့်တဲ့ဒဏ်ကြောင့် လည်း ဖြစ်နိုင်တာပဲ.. ငါလည်း မင်းတို့နဲ့အတူအိပ်ခဲ့တာပဲ.. ငါကျတော့ ဘာလို့မဖြစ်လဲ..ကဲ.. ရှုးရှုးလည်း တို့နဲ့အတူပါတာ ပဲ..သူရော ဘာဖြစ်သေးလဲ'

ပြောပြီး စိုင်းလင်းက ပြုးဖြဲဖြဲဖြင့် ရှုးရှုးမျက်နှာကို တစ် ချက်ကြည့်လာသည်။

'ကဲ..ရှုးရှုး..နင်ရော ဘာဖြစ်သေးသလဲ'

သူမ စိုင်းလင်း၏အမေးကို မဖြေနိုင်တော့ဘဲ ပြူးကြောင် စွာ ကြည့်နေမိတော့သည်။

တကယ်လို့ အခုချိန် သူမမက်ခဲ့သော ခြောက်ခြားထိတ် လန့်ဖွယ် 'သွေးပျက်ည'တစ်ညရဲ့အိမ်မက်ကို သူတို့အား ပြန် ပြောပြ၍ရော သူတို့ ယုံကြည်ပါမည်တဲ့လား...

အောင်နိုမိတ်

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၉၆၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၃၂၀၇၀၇

ထုတ်ဝေသူ
ဒေါ်မိုးကောင်း(၀၁၆၉၂)
ချိုတေးသံစာပေတိုက်၊ ရွှေနှံ့သာကျေးရွာ
မှုလိုင်း(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်
ဒေါ်ခင်သီတာ(၀၉၂၈၆)
ကောင်းဒီပုံနှိပ်တိုက်၊ ၄၂၊ ၃၁လမ်း
ပန်းဘဲတန်း၊ ရန်ကုန်။
ပထမအကြိမ်
၂၀၀၇ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ကျပ်

Bagan
ကိုပေါက်
A-1,၃၄-လမ်း(အထက်)
ဝိဇ္ဇာရုံဆိုင်ခန်း
ကျောက်တံတားမြို့နယ်။

www.burmeseclassic.com